မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ မေ ၁၇ရက်၊ စနေနေ့၊ အတွဲ(၄၇)၊ အမှတ် (၂၂၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နော်ဝေးနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၀၈ခုနှစ် မေ ၁၇ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နော်ဝေးနိုင်ငံပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်းများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး လေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးစကားပြောကြား

နေပြည်တော် မေ ၁၆

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်း ဘိုကလေးမြို့သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လေဘေး၊ ရေဘေးသင့်သူများအား ကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပြီးစီးမှု၊ ပြည်တွင်း ပြည်ပမှလှူဒါန်းသည့် ပစ္စည်းများရောက်ရှိမှုနှင့် ဖြန့်ဖြူးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီစဉ်ဆောင်ရွက်ပေး

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လေဘေးသင့်သူများ၏ လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်းအတွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာနှင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းစံပြကျေးရွာ လေဘေးကယ်ဆယ်ရေးစခန်းများသို့ လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။

အင်္ဂပူကျေးရွာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လိုက်ပါလျက် အစားအစာများ၊ ရေသန့်၊ အဝတ်အထည်မျိုးစုံ၊ စောင်၊ ခြင်ထောင်၊ ကြက်ခြေနီအိတ်၊ အချိုရည်ဘူး၊ ချောကလက်နှင့် ငါးသေတ္တာဘူး ကီလို၂၀၀၀ တင်ဆောင်ထားသည့် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာလာကြရာ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အင်္ဂပူကျေးရွာသို့ ရောက်ရှိကြရာ ကြိုတင်ရောက်ရှိနေသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကြိုဆိုသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် မေ ၁၇ ရက်)

ဆည်တမံသစ်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ် သီးနှံများ လျာထားချက်ထက် ကျော်လွန်စွာစိုက်ပျိုး

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရေးအတွက် စီမံကိန်း ချမှတ်ဖော်ဆောင်နေသည်။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးခြင်း၊ စိုက်နည်းစနစ်ပြောင်းလဲပေးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်းများအပြင် စိုက်ပျိုးရေ ရရှိရေးအတွက်လည်း ဆည်မြောင်း၊ တာတမံများ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နေပြည်တော်ပျဉ်းမနားရှိ တောက်ပြိုချောင်းပေါ်၌ တည်ဆောက်ထားသည့် တောက်ပြိုရေလှောင်တမံကို ဧပြီ ၂၇ရက်နေ့က ထပ်မံဖွင့်လှစ်လိုက်သည်။ အဆိုပါရေလှောင်တမံသည် နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ရေလှောင်တမံစီမံကိန်းများအနက် ၂၁၀မြောက်ဖြစ်ပြီး နေပြည်တော်အတွင်း၌ ၂၇ခုမြောက် ဆည်တမံဖြစ်သည်။

တောက်ပြိုရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ၂၅၀၀ရှိသည့်အတွက် လယ်မြေဧက ၃၀၀ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က အပူပိုင်းဒေသ၌ ဆည်တမံစီမံကိန်းများနှင့်အတူ မြေအောက်ရေရရှိရေး အစီအမံများ၊ ရေပေးတူးမြောင်းများကို တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံလာပြီး စိုက်ပျိုးမြေများ တိုးတက်လာလျက်ရှိသည်။ ယခင်သီးနှံတစ်မျိုးကိုသာ အားထားစိုက်ပျိုးခဲ့ရသည့်ဒေသများသည် ယခုအခါ နွေစပါးနှင့် အခြားသီးနှံများပါ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီဖြစ်သည့်အပြင် ဒေသဝန်းကျင်တစ်ခွင် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုလျက်ရှိသည်။

တောင်သူလယ်သမားများက နိုင်ငံတော်၏ စေတနာကို အလေးထားပြီး ခေတ်မီစိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့်သီးနှံများ သုံးစွဲ၍ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်ဧကများ မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆည်တမံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးအပြင် ဆီထွက်သီးနှံများကို လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး အားထုတ်ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးမောင်လှိုင်၊ ဦးဘချိုနှင့်ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။ (အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၅-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တိုးတိတ်သော** (နေတိုး၊ ပပဝင်းခင်)
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ တိုင်းရင်းဆေးဇာတ်လမ်းတို **နွယ်မြက်သစ်ပင်ဆေးဖက်ဝင်**
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၂၄)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ English Usage
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **FA Cup Final ဘောလုံးပွဲ Cardiff City Vs Ports Mouth**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁၆

ဆင္ဒသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့မှ အသင်းသူ အသင်းသားများက မေ ၁၉ ရက် နံနက် ၇နာရီမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးလုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၁၆

အကြိမ်(၆၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရန်ကုန်(ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြကာ အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။

(သတင်းစဉ်)

ကဆုန် ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁၆

စမ်းချောင်းမြို့နယ် အတုလာ မိပတိ မဟာသကျမုနိ ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့မှ ကြီးမှူး၍ (၁၅) ကြိမ်မြောက် စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင် မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ကျင်းပမည်ဖြစ်သည်။

ပူဇော်မည်

ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) နံနက် အရုဏ်တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြကာ ခုနစ်ရက်သားသမီးကောင်းမှုပေါင်းစု၍ ကဆုန်လပြည့် အရုဏ်ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ကြမည်ဖြစ်သည်။

သွန်းလောင်းမည်

နံနက် ၇နာရီခွဲတွင် ဖွင့်ပွဲနှင့်အတူ ဘုရားကြီးရှေ့တွင် နံ့သာရေချမ်းတော်များပြိုင်တူကပ်လှူကြကာ မြောက်ဘက်ဘုံကိုးဆင့် မုခ်ဦးအနီး ဗောဓိပင်ကြီး၌ ဖြုဟ္မာမင်း၊ သိကြားမင်း၊ နတ်ဒေဝါ၊ နဂါးမင်း၊ ဂဠုန်မင်းတို့ ဦးဆောင်ကာ နာယက လူကြီးများနှင့် ပရိသတ်များက ဂါထာတော်များ ရွတ်ဆို၍ သွန်းလောင်းကြမည်။

စီစဉ်ထား

လပြည့်နေ့ ဖွင့်ပွဲအခမ်းအနားပြီးဆုံးချိန်မှစ၍ ည၉နာရီအထိ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းကုသိုလ်ရှင်များ ညောင်ရေတော်သွန်းလောင်းလှူနိုင်ကြရန် အမျိုးသမီးလေးများက နံ့သာသွေးဒါနပြုကြမည်ဖြစ်ပြီး ရွှေရေချမ်းအိုး၊ ငွေရေချမ်းအိုးများဖြင့် သွန်းလောင်းနိုင်ကြရန် စီစဉ်ထားကြောင်း သိရသည်။ (၁၀၃)

လှူဒါန်း

မိဘနှစ်ပါးအား ရည်စူး၍ အမှတ် ၄၅၇/၄၅၉ မြတ်လေးရုံလမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်နေ ဦးရဲမင်းထွဋ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ၂၃၄၅၆၇ကျပ် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။(က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

17-5 (02).pmd 1 5/17/2008, 2:58 AM

■ ရှေ့ဖုံးမှ

ဆက်လက်၍ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာဝဘေးအန္တရာယ်ခံစားနေသူများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှအကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားပြီး ဘိုကလေးမြို့နယ်မြေပုံကို ကြည့်ရှုစစ်ဆေး၍ ကယ်ဆယ်ရေးစခန်းများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ရန် ကိစ္စများကို မှာကြားသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းဝင်း ခေါင်းဆောင်သည့် ရောဂါကာကွယ်ရေး ဆရာဝန်များ၊ မြောက်ဥက္ကလာပဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာကိုကိုခေါင်းဆောင်သော ကုသရေးဆရာဝန်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည် ခေါင်းဆောင်သော မြို့နယ်မှ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဦးချစ်ကိုကိုခေါင်းဆောင်သော ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF) မှ ပညာရှင်များပါဝင်သည့် အဖွဲ့တို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ဆေးရုံ၏ပြင်ပလူနာဌာန၌ ဒေသခံများအားကျန်းမာရေးစစ်ဆေး ကုသပေးနေမှုများကိုလည်းကောင်း၊ ဆေးရုံ၌ ရေသန့်ရရှိရေးဆောင်ရွက်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အတွင်းလူနာအဖြစ် တက်ရောက်ကုသနေသူများအား လှည့်လည်ကြည့်ရှုပြီး ရောဂါအခြေအနေများကို မေးမြန်းကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လေမုန်တိုင်းကြောင့် ပျက်စီးသွားသည့် မြို့နယ်ပြည်သူ့ဆေးရုံအမိုး ပြန်လည်မိုးကာပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ရှေးဦးစွာ လေဘေးသင့်ပြည်သူများ သန့်ရှင်းသောသုံးရေရရှိရေးအတွက် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က စီစဉ်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ကယ်ဆယ်ရေးစခန်းသို့ ပေးပို့ရောက်ရှိ လှူဒါန်းထားသော ပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ပြန်လည်ပြုပြင်

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်အမိုး ပြန်လည်၍ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ဘိုကလေးမြို့နယ် အတွင်းရှိ ရှေ့တန်းကယ်ဆယ်ရေးစခန်းတစ်ခုဖြစ်သည့် စက်ဆန်းကျေးရွာကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ကယ်ဆယ်ရေးစခန်းရှိ ရွက်ဖျင်တဲ၌ ဆရာဝန်၊ ဆရာမများက ဆေးကုသပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

မေးမြန်း

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရွက်ဖျင်တဲများ၌ နေထိုင်ကြသည့် လေဘေးသင့်မိသားစုများအား မိသားစုအလိုက် ကျန်းမာရေး၊ နေထိုင်စားသောက်ရမှု၊ လှူဒါန်းသည့် ပစ္စည်းများရရှိမှုအခြေအနေတို့ကို မေးမြန်းသည်။

ယင်းနောက် ဝန်ကြီးချုပ်က သဘာဝအလျောက်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို မည်သူမျှ မတားဆီးနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် လေဘေးရေဘေးသင့်သူများ၏ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးစသည့်လိုအပ်ချက်များကို အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများအပေါ် စိတ်ခိုင်ခိုင်မာမာထားရန် အရေးကြီးကြောင်းဖြင့် အားပေးစကားပြောကြားပြီး ကလေးငယ်များအား စားသောက်ဖွယ်များကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် စက်ဆန်းကျေးရွာရှိ ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ထွက်ခွာကြပြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်း ကျေးရွာ၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိမှု၊ နိုင်ငံတကာမှ ပေးပို့လှူဒါန်းထားသော ရွက်ဖျင်တဲများထိုး၍ လေဘေးသင့်သူများအား နေရာချထားပေးမှု၊ ရေယာဉ်များဖြင့် ကြိမ်ချောင်း ကယ်ဆယ်ရေးစခန်းသို့ နိုင်ငံတကာနှင့် ဒေသအသီးသီးမှ လှူဒါန်းထားသည့် ပစ္စည်းများ ပေးပို့နေမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ကျေးရွာရှိ လေဘေးသင့်မိသားစုများ၊ ကလေးငယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ နိုင်ငံတကာမှ ပေးပို့လှူဒါန်းထားသည့် ရွက်ဖျင်တဲများ၌ မိသားစုအလိုက်နေထိုင်မှုများကို ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှိုင်းဘုန်းကျေးရွာကယ်ဆယ်ရေးစခန်း၌ ရွှေသံလွင်ကုမ္ပဏီက ထမင်းကျွေးဒါနပြုနေမှုများကိုကြည့်ရှုပြီး ချက်ပြုတ်ထားသည့် ထမင်းနှင့်ဟင်းများကို ကိုယ်တိုင်စားသောက်စစ်ဆေး၍ ကလေးငယ်များအား ကျွေးမွေးအားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် လှိုင်းဘုန်းကျေးရွာတွင် ဆက်သွယ်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ CDMA 450 System တယ်လီဖုန်းများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ဂါရဝပြုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လှိုင်းဘုန်းကျေးရွာကယ်ဆယ်ရေးစခန်းလုပ်ငန်းများတွင် ရွှေသံလွင်ကုမ္ပဏီနှင့်အတူ ပါဝင်လုပ်အားပေးလျက်ရှိသည့် ဒါရိုက်တာ စင်ရော် မောင်မောင်နှင့် သရုပ်ဆောင်ရာဇာနေဝင်းတို့က ဂါရဝပြုနှုတ်ဆက်ကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြရာ ဒေသခံတပ်ရင်းခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လေမုန်တိုင်းဒဏ်ခံရသည့် မော်လမြိုင်ကျွန်းမြို့ကို ပုံမှန်အနေအထားရောက်ရှိအောင် ပြန်လည်တည်ဆောက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး နေအိမ်များ၊ ကျောင်းများ၌အမိုးအကာများပြန်လည်မိုးကာနေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

သုံးခွမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် မေ ၁၆

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မေ၁၅ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သုံးခွမြို့နယ် အမှတ်(၇)ရပ်ကွက် စစ်ကုန်းကျောင်းသို့ရောက်ရှိပြီး လေဘေးသင့် ရွာသူ/ရွာသားများအားလည်းကောင်း၊ အမှတ်(၉)ရပ်ကွက် ဝဲပုံကျောင်း၌ လေဘေးသင့် ရွာသူ/ ရွာသားများအားလည်းကောင်း တွေ့ဆုံ၍ ဆန်အိတ်၊ ခေါက်ဆွဲ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ဘီစကွတ်၊ သွားတိုက်ဆေး၊ မိုးကာတဲ၊ အဝတ်အထည်များအား ထောက်ပံ့ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် သုံးခွ မြို့နယ် မိချောင်းကန်ကျေးရွာ အနောက်ကျောင်းတိုက် ဆရာတော်ထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကာ ကျေးရွာအုပ်စုခုနစ်အုပ်စု၊ ဘုန်းတော်ကြီးကျောင်း ၁၈ကျောင်းတို့မှ ဆရာတော်များထံ သင်္ကန်းဒွိစုံ ၅၄စုံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘုရားကြီးရွာ ထန်းကြီးဘုရားဝင်းအတွင်း လေဘေးသင့် ရွာသူ/ရွာသားများအားတွေ့ဆုံ၍ ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဝန်ကြီးနှင့်အတူ သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းနှင့်အဖွဲ့က ရွာသူ/ရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။ ယင်းနောက် ဝန်ကြီးသည် သုံးခွမြို့နယ် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တို့မှ လေဘေးသင့် ရွာသူ/ရွာသားများအား ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောက်ရေသန့်နှင့်မုန့် ပေးအပ်လှူဒါန်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ လေဘေးသင့်ပြည်သူများအတွက် Gold Uni Co., Ltd. က ငွေကျပ် သိန်း၄၀၀ တန်ဖိုးရှိ သောက်ရေသန့်နှင့် ဘီစကွတ်မုန့်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အားပေး

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆရာဝန်၊ဆရာမများအား နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံ၌တက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ဝန်ကြီးချုပ်သည် မြို့နယ်ပြည်သူ့ဆေးရုံအဝင်၌ လူနာရှင်များ လွယ်ကူစွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အများသုံးတယ်လီဖုန်းထားရှိပေးမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားသည်။

ဝါးခယ်မ

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဝါးခယ်မမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဝါးခယ်မမြို့ မနောသုခရိပ်သာ၌ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမြင့်က မော်လမြိုင်ကျွန်းမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ လေဘေးသင့်သူများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်စောင့်ရှောက်ပေးထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လပွတ္တာမြို့

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ်မှ လေဘေးသင့်သူများအား ထားရှိသည့် မင်းပိုင်းရပ်ကွက်အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ လေဘေးသင့်သူများအား နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြောင်းမြမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး မြောင်းမြဂုန်နီစက်ရုံခန်းမ၌ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဝန်ကြီးချုပ်က မြောင်းမြမြို့၌ ဖွင့်လှစ်ထားရှိသည့် ကယ်ဆယ်ရေးစခန်းများနှင့် စပ်လျဉ်း၍ မေးမြန်းပြီး ဆောင်ရွက်လုပ်ကိုင်သင့်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း အမှတ်(၄)သို့ ရောက်ရှိပြီး ကျန်းမာရေးဆေးခန်းဖွင့်လှစ်ကုသပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ကုန်းကြီးကျေးရွာအုပ်စုရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး လှူဒါန်းထားသည့် ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မြောင်းမြမြို့မှ ပုသိမ်မြို့သို့ ထွက်ခွာခဲ့ရာ ညနေ ၅နာရီခွဲတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ဘိုကလေး မေ ၁၆

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဘိုကလေးမြို့နယ် တော်ပိုင်ကျေးရွာ လေဘေးသင့်ပြည်သူများထံသို့ မေ၁၅ရက်တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထောက်ပံ့ရေးပစ္စည်းများဖြစ်သော အစားအသောက်နှင့် အဝတ်အထည်များ၊ စက်ဆန်းကျေးရွာရှိ လေဘေးသင့်ပြည်သူများထံသို့ အဝတ်အစားနှင့် လူသုံးကုန်ပစ္စည်းများနှင့်အတူ နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ ဆေးဝါးများ၊ စက်သုံးဆီများရောက်ရှိလာပြီး နေပြည်တော်ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ငှက်ဖျား) ဒေါက်တာသန်းဝင်း၊ ရန်ကုန်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှကြည်နှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သောအဖွဲ့သည် ကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပေးခြင်း၊ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်းရှိ ရေတွင်းရေကန်များအတွင်း ရေသန့်ဆေးဝါးများထည့်ပေးခြင်း၊ ယင်လုံအိမ်သာ သုံးစွဲနိုင်ရေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးဆောင်ရွက်မှုပေး

ရန်ကုန် မေ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် လေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် ပေးလျက်ရှိရာ မေ ၁၅ရက်ထိ တာဝန်ရှိသူများမှ လေဘေးသင့် ပြည်သူများအား ဆန်၊ ဆီ၊ ခြင်ထောင်၊ ဒန်အိုး၊ မီးသွေးမီးဖို၊ မီးသွေး၊ အင်္ကျီ၊ ပန်းကန်ပြားနှင့် ဇလုံများထောက်ပံ့ ပေးအပ်ခဲ့ပြီး စေတနာရှင်ပြည်သူများမှ လာရောက်လှူဒါန်းသော အစားအသောက်နှင့် အဝတ်အထည်များကိုလည်း ဆက်လက်ပေးဝေလျက်ရှိသည်။

ပြုပြင်ဆောင်ရွက်

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် တွံတေးမြို့နယ်ဆေးရုံကြီးမှ ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမငါးဦးပါဝင်သောအဖွဲ့ဖြင့် ဆေးခန်းများ ဖွင့်လှစ်ကုသပေးလျက်ရှိပြီး သောက်သုံးရေများ သန့်ရှင်းစေရေးအတွက် ဆေးခတ်ပြုပြင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဝန်ကြီးများသည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လေဘေးကယ်ဆယ်ရေးစခန်းများ အခြေအနေ၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လေဘေးသင့်ပြည်သူများအား ထောက်ပံ့မည့်ကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအားတွေ့ဆုံ၍ လေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်နှင့် အခြေအနေများကို မေးမြန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လမ်းပန်းဆက်သွယ်မှုခက်ခဲသော ပင်လယ်ကမ်းစပ်ရှိ ကျေးရွာများသို့ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကို ဦးစားပေးပို့ပေးရန်နှင့် ကျေးရွာဥက္ကဋ္ဌများ ပြန်သွားသည့်အခါ ဆန်၊ ရေသန့်၊ မိုးရေကာဖျင်၊ အစားအစာ စသော ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ထည့်ပေးရန် မှာကြားသည်။

အားပေးစကားပြောကြား

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် ဒေးဒရဲမြို့နယ် အမှတ် (၂)ရပ်ကွက် စည်ပင်ခန်းမအနီးရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းရှိ မီးစက်၊ ဆေးပေးခန်း၊ ဗီဒီယိုရုံ၊ ရေသန့်စင်စက်၊ ထမင်းစားဆောင်၊ မီးဖိုချောင်၊ အိမ်သာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားကြသည်။

အဆိုပါစခန်း၌ ပြည်ပနိုင်ငံများမှ ပေးပို့ထောက်ပံ့သည့် ရွက်ဖျင်တဲများ၌ အိမ်ထောင်စုများအား နေရာချထားပေးပြီး နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရှိရသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် ရဟတ်ယာဉ်ဖြင့်ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းရှိ ဆေးပေးခန်း၊ မီးစက်၊ ပေါက်တူးနှင့် ဂေါ်ပြားများ၊ နေရောင်ခြည်စွမ်းအင်သုံး မီးအားပေးစက်၊ ရေသန့်စင်စက်၊ ရေချိုအဝီစိတွင်း၊ ဗီဒီယိုရုံ၊ ထမင်းစားဆောင်၊ မီးဖိုချောင်၊ဂက်စ်မီးဖို၊ အိမ်သာ၊ ရေချိုးခန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြား၍ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

အဆိုပါစခန်း၌ ပြည်ပမှ ပေးပို့ထောက်ပံ့ထားသည့် ရွက်ဖျင်တဲများတွင် အိမ်ထောင်စုများအား နေရာချထားပေးကာ နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းရှိ ဗီဒီယိုရုံ၊ မီးစက်၊ ရေသန့်စင်စက်၊ အိမ်သာ၊ မီးဖိုချောင် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကား ပြောကြားကြသည်။

စီစဉ်ပေး

အဆိုပါ စခန်း၌ ပြည်ပနိုင်ငံများမှ ထောက်ပံ့ထားသည့် ရွက်ဖျင်တဲများ၌ အိမ်ထောင်စုများအား နေရာချထားပေးကာ နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

သုံးခွမြို့နယ် လေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရန်ကုန် မေ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ လေဘေးသင့်ပြည်သူများအား စေတနာရှင်ပြည်သူများက ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၁၅ရက် နံနက် ၈ နာရီခွဲက သုံးခွမြို့မှစေတနာရှင် ဦးလှမြင့်သိန်းမိသားစုက ဆန်အိတ် ၅၀၀ကို သုံးခွမြို့ အမှတ် ၉ ရပ်ကွက်ရှိ လေဘေးသင့်အိမ်ထောင်စု ၄၀၀၀၏လက်ဝယ်သို့အရောက်လည်းကောင်း၊ သုံးခွမြို့အမှတ် ၉ရပ်ကွက်မှ စေတနာရှင် ဦးသောင်းရွှေက မေ ၁၅ရက် ညနေ ၄နာရီတွင် လေဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၆၀၀၀တန်ဖိုးရှိ ဝါးနှင့်မျော့တိုင်များကို အိမ်ထောင်စု ၅၀၀အတွက် ၎င်းတို့၏ အိမ်တိုင်ရာရောက်လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်

ထို့အပြင် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၅ဦးခန့်သည် သုံးခွမြို့နယ်အတွင်းရှိ လေဘေးသင့်ခံရသော ကျေးရွာများသို့လှည့်လည်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မော်လမြိုင်မြို့ မြို့မဆိပ်ကမ်းမှ တပ်မတော် ရေယာဉ်ဖြင့် ချောင်းဆုံမြို့နယ်သို့ ရောက်ရှိပြီး ကွန်းသာယာခန်းမ၌ ဌာနဆိုင်ရာများနှင့် ဒေသခံများအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများနှင့်အတူ ချောင်းဆုံမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံရှိ လူနာများအား လိုက်လံကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ချောင်းဆုံမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကဆုန်ညောင်ရေသွန်းပွဲ

ရန်ကုန် မေ ၁၆

ရွှေတိဂုံစေတီတော် (၂၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပူဇော်ပွဲကို ၁၃၇၀ ပြည့်နှစ် (ကဆုန်လပြည့်နေ့) မေ ၁၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ နံနက်၇နာရီတွင် စေတီတော်ရင်ပြင် အဂ်ါထောင့်ရှိ မဟာဗောဓိပင်၌ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများပါဝင်၍ ဖွင့်ပွဲအခမ်းအနား ကျင်းပပြီးနောက် အများပြည်သူတို့ ညောင်ရေသွန်းပူဇော်နိုင်ရန် ဘာသာရေးအသင်းအဖွဲ့များက ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၁၆

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၂၆/က)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရုံးခန်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆-၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆-၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးအပ်

ဒေးဒရဲ မေ ၁၆

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်တွင် လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးဝေလျက်ရှိရာ မေ ၁၅ရက်တွင် ဒေးဒရဲမြို့ပေါ်ကယ်ဆယ်ရေးစခန်း ၁၇ခုရှိ အိမ်ထောင်စု ၁၀၇၅စု၊ လေဘေးသင့်ပြည်သူ ၄၃၀၂ ဦးတို့အား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်ပစ္စည်းများ ပေးဝေခဲ့သည်။

ဆက်လက်ရောက်ရှိ

ထို့ပြင် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ရောက်ရှိလျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနမှ ပေးပို့သော ဓာတ်ဆီ ၄၄၀၀ဂါလန်၊ ဒီဇယ် ၆၀၀၀ ဂါလန်၊ ရေနံဆီဂါလန် ၁၀၀၀ ၊ အိမ်ဆောက်ပစ္စည်းများ၊ သစ်မျိုးစုံ ၁၉၇တန်၊ အထပ်သား အချပ် ၅၀၀တို့သည် ဒေးဒရဲမြို့သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းတွင် မိုးကာတဲများဆောက်လုပ်ပေး

ရန်ကုန် မေ ၁၆

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိလျက်ရှိရာ မေ ၁၄ ရက်တွင် ပြည်တွင်းရေကြောင်းပိုင် သင်္ဘောဖြင့် ရောက်ရှိလာသော စားအုန်းဆီ ၁၀ ပီပါ၊ ကြွေရည်သုတ်ပန်းကန် ၁၀၁၀၇၂ချပ်၊ အာလူးအိတ် ၁၀၀၊ အထည်မျိုးစုံ ၅၀၀၀၊ စားအုန်းဆီ ပီပါ ၆၀၊ စပို့ရှပ်နှင့် ရှပ်အင်္ကျီမျိုးစုံ ၉၄၇၈ ထည်၊ စောင်နှစ်ထုပ်၊ တာပေါ်လင် ၁၃၀၊ အဝတ်အထည်နှင့် စားသောက်ကုန် ၂၇၃ ထုပ်၊ ပလတ်စတစ်ပုံး ၅၀တို့ကို သိပ္ပံကုန်းကြီး၊ ဘီတွတ်ကျေးရွာများရှိ လေဘေးသင့်ပြည်သူများထံ ပေးပို့ခဲ့ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP)မှ အဖွဲ့ဝင်ခုနစ်ဦးနှင့် အခြားအဖွဲ့အစည်းများမှ အင်အား ၈၀ခန့်သည် မေ ၅ ရက်က စတင်ရောက်ရှိကာ မေ ၁၄ရက်နေ့အထိ ဆန် ၁၅၀တန်နှင့် စွမ်းအားပြည့် ဘီစကွတ် ငါးတန်တို့အား ကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့်ပြည်သူများလက်တွင်းသို့ ပေးအပ်ခဲ့ကြောင်းနှင့် လပွတ္တာမြို့ ရတနာဒီပ ဘောလုံးကွင်း ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူ ၉၄၈ ဦးအား မေ ၁၄ ရက်တွင် ရွက်ဖျင်တဲ ၁၅၀ ဆောက်လုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းခရီးဖြင့် အဆက်မပြတ်ရောက်ရှိ

ရန်ကုန် မေ ၁၆

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ မေ ၆ရက်မှစ၍ မေ ၁၅ ရက်အထိ အလှူရှင်အဖွဲ့အစည်း ကိုးခုသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လေယာဉ်ခေါက်ရေ ၂၀ဖြင့် ပေးပို့ခဲ့ပြီးဖြစ်သည်။ ရက်အလိုက် ပေးပို့ခဲ့သည့် အလှူရှင်အဖွဲ့အစည်းများ၏ လေယာဉ်အမျိုးအစား၊ ကုန်ပစ္စည်းအမျိုးအစားနှင့် ကုန်တန်ချိန်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အလှူရှင်အဖွဲ့အစည်း	ရက်စွဲ	လေယာဉ်အမျိုးအစား	ကုန်ပစ္စည်းအမျိုးအစား	ကုန်တန်ချိန်
၁	UN/WFP	၉-၅-၂၀၀၈	IL-76	အစားအစာ၊အရေးပေါ်ပစ္စည်း	၄၀
		၁၀-၅-၂၀၀၈	AN-12	အစားအစာ	၁၈
		၁၀-၅-၂၀၀၈	DC-8	လူသုံးကုန်၊ကယ်ဆယ်ရေးပစ္စည်း	၇၀
		॥	IL-76	॥	
		၁၁-၅-၂၀၀၈	A 300-600	ဆေးဝါး၊အဝတ်အထည်	၁၅
		၁၂-၅-၂၀၀၈	AN-12	ရုံးသုံးအဆောက်အအုံပစ္စည်း ဖောက်ကလစ်တစ်စီး	၁၁.၅
		၁၄-၅-၂၀၀၈	DC-8	ခြင်ထောင်	၃၁.၇၉
၂	ICRC	၁၁-၅-၂၀၀၈	IL-78	ဆေး၊ရေသန့်	၃၅
၃	UNHCR	၁၃-၅-၂၀၀၈	L-1011	မီးဖိုချောင်သုံး ပစ္စည်း၊ တဲဆောက်ပစ္စည်း၊တာပေါ်လင်၊ဆေး	၁၈.၀၉
		၁၄-၅-၂၀၀၈	AN-12	ဆေး	၁၈
၄	ဘယ်လာရစ် (ဆေးအဖွဲ့)	၁၁-၅-၂၀၀၈	IL-76	မီးစက်၊ လျှပ်စစ်ပစ္စည်း၊ဆေး	၃၅.၅
၅	ပြင်သစ်(နယ်စည်းမခြား ဆေးအဖွဲ့)	၁၂-၅-၂၀၀၈	A-300-600	ဆေးဝါး၊အိမ်မိုးသွပ်	၃၄.၅၅
၆	ဆွစ်ဇာလန်(နယ်စည်းမခြားဆေးအဖွဲ့)	၁၂-၅-၂၀၀၈	IL-76	ခြင်ထောင်၊ရေသန့်၊ရေပိုက်	၃၄.၀
		၁၄-၅-၂၀၀၈	DC-8	ခြင်ထောင်	၃၁.၇၉
၇	ပြင်သစ် (Medecins Sams Erontieres)	၁၃-၅-၂၀၀၈	IL-76	ဓာတုပစ္စည်း၊လူသုံးကုန်ပစ္စည်း	၃၄.၇
		၁၄-၅-၂၀၀၈	IL-76	ရေပိုက်ပစ္စည်း	၁၅
၈	UAE ကြက်ခြေနီ	၁၅-၅-၂၀၀၈	IL-76	ဆေးပစ္စည်းမျိုးစုံ၊မိုးကာတဲ	၃၆.၃၂
၉	ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ	၁၅-၅-၂၀၀၈	8N-332	ရေသန့်၊အစားအစာများ	၁၂
	ထိုင်းခရစ်ယာန်အသင်း	၁၅-၅-၂၀၀၈	AN-12	စောင်၊ခြင်ထောင်၊ပလတ်စတစ်၊ အဝတ်အစား၊ရေသန့်	၁၁.၈၃
	ထိုင်းယဉ်ကျေးမှုအဖွဲ့	၁၅-၅-၂၀၀၈	FT-3770	အဝတ်အထည်၊စောင်၊စတီးပစ္စည်း	၁၀.၂

(ဆက်လက်ဖော်ပြပါမည်။)

မုန်တိုင်းတိုက်ခတ်ခံရသော ပြည်သူများအတွက် စေတနာရှင်တို့က အလှူငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် မေ ၁၆

မုန်တိုင်းတိုက်ခတ်ခံရသော ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)က မုန်တိုင်းဒဏ်သင့်ဒေသမှ ပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

အဆိုပါ အလှူရှင်များမှ ဦးသစ်လွင်နှင့်ဒေါ်လွင်လွင်နှောင်းမိသားစုက ငွေကျပ်ငါးသောင်း၊ ရဲမှူးကျော်လှိုင်(ငြိမ်း)နှင့် ဒေါ်တင်လှိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဝင်းထိန် (Classic International Co., Ltd.)ကငွေကျပ်သိန်း၂၀၊ ဒေါက်တာကြည်လင် (Classic Industries) က ငွေကျပ် ၁၀သိန်း၊ ဒေါ်တင်တင်ချစ် (Greenery Co.,)က ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ပန်းအလင်္ကာမဂ္ဂဇင်းနှင့် ယူနိုက်တက်ဂျာနယ်တို့ကငွေကျပ်၁၀သိန်းစီ၊ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာလုပ်ငန်းစု)က ငွေကျပ်သုံးသိန်း၊ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် ဒေါ်တင်တင်လှမိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးတင်မောင်လတ်၊ ဒေါ်တင်တင်ထွန်းအားအမှူးထား၍ ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါ်တင်မေထွေး၊ သမီး မခင်သဇင်ကိုတို့က ငွေကျပ်နှစ်သိန်း၊ ဦးတင်ခ(တက္ကသိုလ်တင်ခ)မိသားစု၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)မိသားစု၊ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒေါ်မြင့်မြင့်မိသားစု၊ ဦးခင်မောင်သန်း(ဇန်ဇန်)မိသားစု၊ ဦးသန်းမောင်(သန်းမောင်)မိသားစု၊ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း၊မှူးသမိန်)မဟေသီမိသားစုနှင့် ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်)တို့က ငွေကျပ် တစ်သိန်းစီ၊ ဗိုလ်ကြီးစောလင်း(တောင်သာစွပ်ကျယ်စက်ရုံမှူး)နှင့် ဒေါ်နီလာဝင်းတို့က ငွေကျပ်ငါးသောင်း၊ ဦးဝင်းဟန်နှင့်ဒေါ်ကေသီမိသားစုနှင့် ဦးလှထူးအောင်နှင့် ဒေါ်စန်းစန်းမြင့်မိသားစုဝင်များက ငွေကျပ်တစ်သိန်းစီ၊ ဦးအောင်အောင်သက်ဦးနှင့် ဒေါ်ကေခိုင်ညွှန့်မိသားစုနှင့် ဒေါ်ခင်စန်းရင်မိသားစုတို့က ငွေကျပ်၁၀သိန်းစီ၊ ဦးသန်းဝင်းနှင့်ဒေါ်ခင်စောလှ၊ မြေးလေး နိုဘယ်လ်မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်း၊ ဦးသိုက်ထွန်းနှင့် ဒေါ်ခင်မြတ်ပိုမိသားစု၊ မယ်တော်ကြီးဒေါ်မိပု၊ သား ဦးရွှေညို၊ သမီး ဒေါ်အေးရီ၊ မြေး မောင်အောင်ကြိုင်၊ မောင်ဝင်းလှိုင်မိသားစု (မင်းတုန်းမြို့) နှင့် ဦးထွန်းချစ်နှင့် ဒေါ်ကြင်ယုံမိသားစု (မှော်ဘီ)တို့က ငွေကျပ်တစ်သိန်းစီ၊ United Can Factory Co.,Ltd. က ငွေကျပ် ၁၀ သိန်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်မှ ဦးလှမြင့်၊ ဦးနောင်နောင်မြင့်စိုးနှင့်ဒေါ်ညွှန့်ညွှန့်အေးတို့က ငွေကျပ် ခြောက်သောင်း၊ ဗိုလ်မှူးကြီးဇော်လင်း(ငြိမ်း)နှင့် သီဟသုမေ္ဃသိင်္ဂီဒေါ်ကြည်ကြည်ဝင်းမိသားစုတို့က ငွေကျပ်နှစ်သိန်း၊ ဦးခင်မောင်အေးနှင့် ဒေါ်ခင်နီမိသားစု၊ ဦးတင်ဦးနှင့် ဒေါ်မို့မို့မိသားစု (ဒုတိယ ခရိုင်ဥပဒေအရာရှိ၊ မန္တလေး)တို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါက်တာနွေးသိမ့်သိမ့်တင် (မန္တလေး) က ငွေကျပ်ငါးသောင်း၊ ဦးထွန်းဝင်းနှင့် ဒေါ်အေးအေးမာ (အကျဉ်းဦးစီး) က ငွေကျပ်တစ်သောင်း၊ ဦးဇော်လေးမြင့်(ခ)ကိုဝမ်းနှင့် အဖွဲ့က ငွေကျပ် ၃၁၄၀၀၀၊ ဦးစိုးအောင်နှင့် ဒေါ်မြမြ(သုခအောင်မိသားစု)က ငွေကျပ် ၁၁၀၅၀၀၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း(အမှတ်စဉ်-၄၃)ကျောင်းဆင်းအရာရှိများက ငွေကျပ် တစ်သိန်းတစ်သောင်း၊ ဦးသောင်းဟန်နှင့် ဒေါ်ကြည်ကြည်ဝင်း၊ သားဝင်းထွဋ်ကိုတို့က ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)နှင့် ဒေါ်သန်းကြည်မိသားစုနှင့် ဦးတင်မောင်ကြည်နှင့် ဒေါက်တာခင်ခင်ဝင်း(ပါမောက္ခ)တို့က ငွေကျပ်တစ်သိန်းစီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးမိသားစုနှင့်ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်း၃၀၊ ဦးလှဌေး-ဒေါ်မိမိသင်း၊ မောင်သက်တင်နှင့် သူငယ်ချင်းများက ငွေကျပ်တစ်သိန်းစီ၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၅၀၊ Government of Brunei Darussalam က အမေရိကန်ဒေါ်လာတစ်သိန်း၊ Japan Chambers of Commeroe & Industry (JCCI)က အမေရိကန်ဒေါ်လာငါးထောင်နှင့် Myanmar Securities Exchange Centre Co., Ltd.(MSEC) က FEC ၂၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

အလှူငွေ

ယနေ့တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၀၄ ဒသမ ၆၅ သိန်း၊ အမေရိကန် ဒေါ်လာ ၁၀၅၀၀၀ နှင့် FEC ၂၀၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးက မုန်တိုင်းဒဏ်ခံစားရသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တပ်မတော်(ရေ) အရှိန်အဟုန်ဖြင့် ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁၆

လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှစ်စင်းသည် အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ လိုက်ပါလျက် မေ၁၅ရက်တွင် ရန်ကုန်မှကော့မှူးမြို့နယ် အတွင်းရှိ သခွတ်ပင်ရွာ၊ စတိုင်မွတ်ရွာနှင့် သရက်တောရွာများ သို့ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၄၅ဒသမ ၈၅တန် တင်ဆောင်လျက် ထွက်ခွာသွားကြောင်း၊ အလားတူ စစ်ရေယာဉ်တစ်စင်းသည်လည်း မေ ၁၅ရက်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား တင်ဆောင်လျက် မော်လမြိုင်ကျွန်းမှ ကျားဟုန်ရွာ၊ ကြက်လျှာရွာနှင့် ကျုံလမုရွာများရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း၊ ထို့အပြင် စစ်ရေယာဉ်တစ်စင်းသည် မေ ၁၅ရက်တွင် နယ်မြေခံလူမှုရေး အသင်းအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ ကယ်ဆယ်ရေးပစ္စည်း၊ ရိက္ခာနှင့်ဆေးဝါးများ တင်ဆောင်၍ဒေးဒရဲမှ မော်ဘီကျွန်းအနီးရှိ လေးရွာသို့သယ်ယူ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဟိုင်းကြီး၊ ဖျာပုံ၊ လပွတ္တာ၊ ဘိုကလေးအခြေပြုစစ်ရေယာဉ်များသည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် IFRC မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၆

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့(UNICEF)မှ ရေသန့်ဆေးပြားများနှင့်စောင်များစုစုပေါင်း ၁၈တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁နာရီ ၁၀မိနစ်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ ကြက်ခြေနီအဖွဲ့မှ လင်ခရူဇာကားနှစ်စီး၊ ပစ္စည်းတင်ချယာဉ်နှစ်စီး၊ ရော်ဘာမော်တော်ဘုတ်တစ်စင်းနှင့် ဆက်စပ်ပစ္စည်း၃၂မျိုး စုစုပေါင်း ၁၇ဒသမ၉၈တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ ပလတ်စတစ်အခင်းများ၊ ရုံးသုံးပစ္စည်းမျိုးစုံ၊ အဆောက်အအုံနှင့်ဆက်စပ်ပစ္စည်း တန်၅၀ကျော်သည် IL-76 နှင့် AN-12 လေယာဉ်နှစ်စင်းဖြင့် နံနက် ၄နာရီ ၂၅မိနစ်နှင့် ၈နာရီ ၅မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့မှ မိုးကာစများ၊ ပလတ်စတစ်ပုံးများသည် FD-3770 လေယာဉ်ဖြင့် နံနက် ၈နာရီတွင်လည်းကောင်း၊ IFRC မှ Shelter Kits (3000)၊ တိုယိုတာ(4 WD) ကားနှစ်စီး၊ ထောက်ပံ့ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ(၁၀၀၀)၊ တာပေါ်လင်(၆၀၀၀)၊ Jerycans (၅၀၀၀)၊ အရေးပေါ်ကယ်ဆယ်ရေးသုံးပစ္စည်းများ ၉၃ ဒသမ ၉၆ တန်သည် TG-303၊ A-300, IL-76 နှင့် DC-8 လေယာဉ်လေးစင်းဖြင့် နံနက် ၉နာရီ ၅မိနစ်၊ ၁၀နာရီ မိနစ် ၅၀၊ ညနေ ၄နာရီ ၁၀မိနစ်နှင့် ၅နာရီ ၁၀မိနစ်တို့တွင်လည်းကောင်း၊ စင်ကာပူနိုင်ငံ ကြက်ခြေနီအဖွဲ့မှ လိုက်ကာခန်းဆီးစ ၃၆ပါကင် ၁ ဒသမ ၆၅ တန်သည် MI-518 လေယာဉ်ဖြင့် နံနက် ၉နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ ဆေးနှင့်ဆေးဝါးပစ္စည်းမျိုးစုံ ၂၂ ပါကင်သည် Jet Star လေယာဉ်ဖြင့် နံနက် ၁၀နာရီတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုရှိ လူမှုရေးအသင်းအဖွဲ့များမှ ပလတ်စတစ်အခင်း ၁၂၀၊ ကျန်းမာရေးသုံးပစ္စည်း ၁၄၄၀၊ ၁၀လီတာဆံ့ ရေထည့်သည့် သေတ္တာ ၂၄၀၀ စုစုပေါင်း ၁၂တန်ကျော်သည့် C -130လေယာဉ်ဖြင့် ညနေ ၃နာရီတွင်လည်းကောင်း၊ ထိုင်းနိုင်ငံမှ ရေသန့်ဘူးများ၊ အသင့်စားသုံးနိုင်သော အစားအစာများ၊ စောင်များ၊ ဆေးဝါးပစ္စည်းများ၊ ဆရာဝန်သုံးလက်အိတ်များနှင့် ဆန်များ စုစုပေါင်း ၂၅ ဒသမ ၈တန်သည် C -130 လေယာဉ်နှစ်စင်းဖြင့် ညနေ ၃နာရီ ၅မိနစ်နှင့် ၃နာရီ ၄၅မိနစ်တို့တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ခြင်ထောင်များ၊ အသင့်စားသုံးနိုင်သော အစားအစာများ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ၊ ပလတ်စတစ်အခင်းများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ၁၀လီတာဆံ့ရေဘူးများ စုစုပေါင်း ၂၄ ဒသမ ၈တန်သည် C -130 လေယာဉ်နှစ်စင်းဖြင့် ညနေ ၃နာရီခွဲနှင့် ညနေ ၅နာရီတို့တွင်လည်းကောင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ချက်ချင်းဖြန့်ဝေပေးပို့

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့ လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇယ်ဆီများတင်ဆောင်လာသည့်သင်္ဘော

မေ ၁၆ ရက်က စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Bansarn Bunnag တို့ မုန်တိုင်းဒဏ်ကြောင့် ဘေးအန္တရာယ် ကျရောက်ခဲ့သောဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒီဇယ်ဆီ ၄၈၀၀၀၀လီတာ တင်ဆောင်လာသည့် PTT Public Company Limited မှ MT-Pentrader သင်္ဘောကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၁၆

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့်စေတနာရှင် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တပ်မတော်သားမိသားစုများနှင့်ပြည်သူများက အလှူငွေကျပ် ၂၈၈၉၁၀၀နှင့် ငွေကျပ် ၅၅၁၂၆၀၀၀ တန်ဖိုးရှိထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ တပ်မတော်သားမိသားစုများနှင့်ပြည်သူများက အလှူငွေကျပ် ၁၄၆၂၈၀၀ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၈၃၅၅၀၀၀ နှင့် ငွေကျပ် ၄၂၂၉၆၀၀တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံတို့ကို လည်းကောင်း၊ မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၉၄၅၉၈၀၀ကိုလည်းကောင်း၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၂၆၇၇၀၀တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်ဆားထုပ်များ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့်အဝတ်အထည် မျိုးစုံတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းမှ တပ်မတော်သားမိသားစုများနှင့်စေတနာရှင်ပြည်သူများက ငွေကျပ် ၃၂၀၈၈၉၅၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံတို့ကိုလည်းကောင်း၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၃၄၀၆၆၇၅၀ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေ လက်ခံရေးနှင့်ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၂၀၄၆၄၅၀၀ အပါအဝင် စေတနာရှင်အလှူရှင်များ၏ ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၇၁၄၁၀၂၀၀ဖြစ်ပြီး မေ ၁၆ရက်အထိ လှူဒါန်းသည့်ငွေနှင့်ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၇၅၅၀၂၁၅၈၇၅ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ်ရှိလေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ရန်ကုန် မေ ၁၆

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းရန် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (UNWFP)မှ ဦးစိုင်းဇော်ထွန်းနှင့် ဦးကျော်ကျော်လွင် ခေါင်းဆောင်သောအဖွဲ့သည် ဆန်အိတ် ၈၀၀ နှင့်အတူ ဖျာပုံမြို့သို့ မေ ၁၅ရက်နံနက် ၆နာရီခွဲတွင် ရောက်ရှိလာပြီး ဖျာပုံမြို့၌ ကြိုတင်ရောက်ရှိနေသော World Vision အဖွဲ့နှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့အတူ မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးအောင်ဇော်ဝင်း ခေါင်းဆောင်ပြီး ဆရာဝန် ၂၄ဦး၊ သူနာပြု ခြောက်ဦး၊ စီးပွားရေး လုပ်ငန်းရှင်၊ အလှူရှင်၃၃ဦးပါဝင်သောအဖွဲ့သည် မေ ၁၅ရက်မွန်းလွဲ ၁နာရီခွဲခန့်တွင် ဖျာပုံမြို့သို့ ရောက်ရှိလာပြီး ၎င်းတို့နှင့်အတူ ငွေကျပ်သိန်း ၁၅၀၀တန်ဖိုးရှိ ဆန်အိတ် ၁၂၀၀၊ အဝတ်အစားထုပ် ၁၂၀၀၊ ဆီပုလင်း ၅၀၀၀၊ ဆေးဝါးနှင့် အခြားစားသောက်ဖွယ်ရာများ ရောက်ရှိလာကြောင်း၊ ၎င်းတို့သည် ပင်လယ်ဒေသရှိ လေဘေးသင့်ပြည်သူများထံသို့သွားရောက်၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ဖျာပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ အင်အား ၆၃ဦးသည် လေဘေးသင့်ခဲ့သော ဖျာပုံမြို့နယ်ဆေးရုံအား သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်လူနာများအား အစားအသောက်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ကျန်းမာရေးစောင့်ရှောက်

အလားတူ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်အဖွဲ့မှ ဒေါက်တာပြည့်ဖြိုးသိမ်း ခေါင်းဆောင်သော မြန်မာဆရာဝန် ခြောက်ဦးနှင့် သူနာပြုလေးဦးတို့သည် ဖျာပုံမြို့သို့ရောက်ရှိ၍ လူနာအမျိုးအစားအလိုက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်
ကင်းစင်
အလှဆင်

လေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၆

လေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)သို့ Myanmar, CPAC, SCT Co.,Ltd. က ငွေကျပ် သိန်း ၁၉၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် ဆေးဝါးများ၊ Gold Uni Co.,Ltd. က ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ သောက်ရေသန့်နှင့် ဘီစကွတ်မုန့်များ၊ PTTEP Co.,Ltd. က ငွေကျပ် ၁၀၅၂၃၉၃၁၂ ဗတန်ဖိုးရှိ စားအုန်းဆီ၊ နို့၊ မျက်နှာသုတ်ပဝါ၊ မီးခြစ်၊ သွပ်ပြား၊ သံ၊ သွပ်သံ၊ ငါးသေတ္တာ၊ ရေသန့်တို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊
၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊
၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်)ကလိုရင်းဆေးခတ်ထားသောရေကိုသာသောက်သုံးရန်၊
၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊
၆။ အတတ်နိုင်ဆုံးသန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြရန်၊
၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့်အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊
၈။ ထိခိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊
၉။ ရေကြီးပါက မြွေအန္တရာယ်တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊
၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊
၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊
၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သေဆုံး၊ ပျောက်ဆုံးနှင့်ဒဏ်ရာရရှိမှုအခြေအနေ

နေပြည်တော် မေ ၁၆

၂၀၀၈ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် မုန်တိုင်းဖြတ်သန်းခဲ့သည့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိဒေသအချို့၌ ပျက်စီးဆုံးရှုံးမှုများ၊ လူသေဆုံး၊ ပျောက်ဆုံးနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်

မုန်တိုင်းဖြစ်ပေါ်ပြီးနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဖွဲ့စည်းကာ ကယ်ဆယ်ရေး၊ ရှာဖွေရေးနှင့် အကူအညီပေးရေးလုပ်ငန်းများကို အလျင်အမြန်ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းတွင် လူအသေအပျောက်၊ ဒဏ်ရာရနှင့် ပျက်စီးဆုံးရှုံးမှုများကိုလည်း စာရင်းကောက်ယူရေး ဆောင်ရွက်ခဲ့သည်။

အတည်ပြု

သို့ရာတွင် မုန်တိုင်းဒဏ်ကြောင့် လည်းကောင်း၊ ဆိုးရွားသောရာသီဥတုကြောင့်လည်းကောင်း၊ ကျယ်ပြန့်သောနယ်မြေအတွင်း နှံ့နှံ့စပ်စပ် ရှာဖွေဆောင်ရွက်ခဲ့ရခြင်းကြောင့် လည်းကောင်း မေ ၁၅ ရက်မှအတည်ပြုနိုင်ခဲ့သည်။

စိစစ်အတည်ပြုသောစာရင်းမှာ ဝန်ထမ်း ၁၅၉ ဦးအပါအဝင် သေဆုံးသူ စုစုပေါင်း ၇၇၇၃၈ ဦး၊ ဝန်ထမ်း ၅၈ ဦး အပါအဝင် ပျောက်ဆုံးသူ စုစုပေါင်း ၅၅၉၁၇ ဦးနှင့် ဝန်ထမ်း လေးဦးအပါအဝင် ဒဏ်ရာရသူစုစုပေါင်း ၁၉၃၅၉ ဦး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

17-5 (06).pmd 1 5/17/2008, 2:58 AM

ရောဝတီတိုင်းအတွင်းရှိ လေဘေးဒဏ်သင့်ဒေသများသို့ Shelter Box များ လွှဲပြောင်းပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၆

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရောဝတီတိုင်းအတွင်းရှိ ဒေသများသို့ အင်္ဂလန်နိုင်ငံ Rotary Club မှ လှူဒါန်းသော Shelter Box အလုံး ၁၀၅၀ သည် ယနေ့နံနက် ၅ နာရီ မိနစ် ၂၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

အဆိုပါ Shelter Box အလုံး ၁၀၅၀ ကို Rotary Club မှ တာဝန်ရှိသူများက မုန်တိုင်းဒဏ်ခံခဲ့ရသော ရောဝတီတိုင်း အတွင်းရှိ ဒေသများသို့ တာဝန်ယူဖြန့်ချိကြမည့် ကုမ္ပဏီများသို့ လွှဲပြောင်းပေးအပ်ကြသည်။ ဘိုကလေးမြို့နယ်သို့ လှူဒါန်းမည့် အလုံး ၃၀၀ ကို Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd.၊ လပွတ္တာမြို့နယ်သို့ လှူဒါန်းမည့် အလုံး ၂၅၀ ကို ရောရှေ့ဝါကုမ္ပဏီ၊ ဟိုင်းကြီးကျွန်း၊ ငပုတောမြို့နယ်နှင့် အလယ်ကျွန်းသို့ လှူဒါန်းမည့်အလုံး ၅၀၀ ကို FMI ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ တက်လမ်းကုမ္ပဏီ၊ အရဏ်ဦးကုမ္ပဏီ၊ သိန်းကုမ္ပဏီနှင့် မိုးကြယ်စင်ကုမ္ပဏီတို့က တာဝန်ယူဖြန့်ချိတပ်ဆင်ပေးသွားမည်ဖြစ်သည်။ ယင်း Shelter Box တစ်ခုတွင် ရွက်ဖျင်တဲ၊ မီးဖို၊ ခြင်ထောင်နှင့် ဆောက်လုပ်ရေးပစ္စည်းများ ပါဝင်ပြီး Rotary Club မှ ထပ်မံလှူဒါန်းမည့် Shelter Box များမှာ မကြာမီထပ်မံရောက်ရှိလာမည်ဟု သိရသည်။

ကိုယ်တိုင်ကိုယ်ကြပ်

ဘိုကလေးမြို့သို့ တာဝန်ယူဖြန့်ချိတပ်ဆင်ပေးမည့် Htoo Trading Co., Ltd. နှင့် Air Bagan Co.,Ltd. သည် ရောဝတီတိုင်း ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ သွားရာလမ်းဘေးမှ မုန်တိုင်းဒဏ်ခံရသူများ၊ ဘိုကလေးမြို့အနီးရှိ ကျေးရွာများမှ မုန်တိုင်းဒဏ်ခံရသည့် နေရာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မုန်တိုင်းဒဏ် ခံစားခဲ့ရသော ပြည်သူများအတွက် Htoo Trading Co., Ltd. နှင့် Air Bagan တို့မှ ဝန်ထမ်းများက မေ ၁၄ ရက်တွင် လေဘေးကယ်ဆယ်ရေး ဗဟိုကော်မတီသို့ အလှူငွေ ကျပ်သိန်းသုံးထောင်ကို သွားရောက်လှူဒါန်းခဲ့သည်။

ဝိုင်းဝန်းကူညီ

Htoo Trading Co., Ltd. နှင့် Air Bagan တို့မှ မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအတွက် လှူဒါန်းရန် လျာထားသည့် ကျပ်သိန်းတစ်သောင်း ၊ မေ ၈ ရက်တွင် ရောဝတီတိုင်း ဘိုကလေးမြို့နယ်၌ ကျပ်သိန်းတစ်ထောင်၊ မေ ၁၁ရက်တွင် ဖျာပုံမြို့နယ်၌ ကျပ်သိန်းတစ်ထောင်နှင့် ယခု လေဘေးကယ်ဆယ်ရေး ဗဟိုကော်မတီသို့ ကျပ်သိန်းသုံးထောင် လှူဒါန်းပြီးဖြစ်သည်။ ထို့အပြင် ရောဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ မုန်တိုင်းဒဏ်ခံ ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆေးဝါး၊ ရေသန့်၊ အဝတ်အထည်၊ ရွက်ဖျင်တဲ၊ မီးစက်၊ ရေစုပ်စက်နှင့် အခြားလိုအပ်သော ပစ္စည်းများကို လှူဒါန်းလျက်ရှိပြီး Htoo Trading Co.,Ltd. နှင့် Air Bagan တို့မှ ဝန်ထမ်းများသည် ဘိုကလေးမြို့တွင် အခြေချ၍ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းကာ မုန်တိုင်းဒဏ်ခံ ပြည်သူများအား အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

Rotary Club မှ တာဝန်ရှိသူများက ရောဝတီတိုင်း ဘိုကလေးမြို့သို့ တာဝန်ယူဖြန့်ချိ တပ်ဆင်ပေးမည့် Htoo Trading Co., Ltd. နှင့် Air Bagan တို့မှ ဝန်ထမ်းများအား Shelter Box အလုံး ၃၀၀ လွှဲပြောင်းပေးအပ်စဉ်။

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်နောက်ဆက်တွဲသတင်း

တရုတ်နိုင်ငံ၌ လှုပ်ခဲ့သောမြေငလျင် သေဆုံးသူ ၂၂၀၆၉အထိရှိလာ

စီချွမ် မေ ၁၆

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ မေ ၁၂ ရက်က အင်အား ၇ဒသမ ၉ရှိ မြေငလျင်လှုပ်ခဲ့ရာ သေဆုံးသူဦးရေမှာ ၁၉၅၀၀ ရှိသွားပြီဖြစ်ကြောင်း မေ ၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြခဲ့သည်။

အဆိုပါမြေငလျင်သတင်းနှင့်ပတ်သက်ပြီး မေ ၁၆ ရက်က အင်တာနက်မှရရှိသော သတင်းများအရ သေဆုံးသူဦးရေမှာ ၂၂၀၆၉ဦး ရှိသွားပြီဖြစ်ကြောင်း၊ ထောင်ပေါင်းများစွာ ပျောက်ဆုံးနေကြောင်း၊ သေဆုံးသူဦးရေ ၅၀၀၀၀အထိ ရှိလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းငလျင်လှုပ်ပြီးနောက် အင်အား ၅ ဒသမ ၉ ရှိ ငလျင်တစ်ခု မေ၁၆ရက် ညနေပိုင်းက ထပ်မံလှုပ်ခဲ့ရာ မော်တော်ယာဉ်များ မြေပြိုပိနေကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်သွားကြောင်း သိရသည်။ **(အင်တာနက်)**

စီချွမ်ပြည်နယ်၌ မြေငလျင်လှုပ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ဂျီးရီးယား၌ ရေနံပိုက်လိုင်းပေါက်ကွဲမှု အနည်းဆုံးလူ ၁၀၀ သေဆုံးခဲ့ကြရ

လေဂို့စ် မေ ၁၆

နိုင်ဂျီးရီးယားနိုင်ငံမြို့တော် လေဂို့စ်၌ မေ ၁၅ ရက်က ရေနံပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း မေ ၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းနှင့်စပ်လျဉ်း၍ မေ၁၆ရက်တွင် အင်တာနက်မှရရှိသောနောက်ဆုံးအခြေအနေမှာ ပိုက်လိုင်းပေါက်ကွဲသည့်နေရာ၌ ကျောင်းတစ်ကျောင်းရှိကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက လောင်ကျွမ်းလျက်ရှိသောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးစားနေဆဲဖြစ်ကြောင်း၊ အနည်းဆုံး လူ ၁၀၀ သေဆုံးခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ ကလေးများဖြစ်ကြောင်း၊ မီးတောက်အတွင်း တစ်ဦးကိုတစ်ဦးထပ်ပြီး အစုအပြုံလိုက် သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထိခိုက်ဒဏ်ရာရရှိသူများအား အချိန်မီကယ်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ ရေနံပိုက်လိုင်း ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ် ပွား နေ သည်ကို မေ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကော့မှူးမြို့နယ် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၁၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ) ၌ ရန်ကုန်တိုင်း ကော့မှူးမြို့နယ်အတွင်း ရန်ကုန်မြစ်ဝရှိလေဘေးသင့်ကျေးရွာများသို့ ပို့ဆောင်မည့် ဆားပိဿာ ၃၀၀၊ ဆန်အိတ် ၁၀၀၀၊ ဆီပိဿာ ၁၀၀၊ အဝတ်အစား၊ အိုးခွက်ပန်းကန်နှင့် ဆေးဝါးပစ္စည်းများကို စစ်ရေယာဉ်နှစ်စင်းပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာ၌ ကျေးရွာဘုန်းကြီးကျောင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျေးရွာဓမ္မာရုံ၌ သခွတ်ပင်ရွာ၊ ကမာကနီရွာနှင့် ခရိုက္ခနီရွာတို့မှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆန် ၃၈၁ အိတ်၊ ဆန်၊ ဆီ၊ ဆား၊ စားသောက်ဖွယ်မျိုးစုံ၊ အိမ်သုံးပစ္စည်း၊ စောင်၊ အဝတ်အထည်နှင့် သောက်ရေသန့်ဘူးများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ရေယာဉ်ဖြင့် ဆားတိုင်မွတ်ကျေးရွာသို့ သွားရောက်ကာ ဆားတိုင်မွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ကျုံဒရယ်၊ ကွင်းဝိုင်း၊ ကျုံတောချောင်နှင့် ဆားတိုင်မွတ်ကျေးရွာများမှ လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆန်အိတ် ၂၈၀ နှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

အားပေး

ထို့နောက် သရက်တောရွာသို့ သွားရောက်၍ သရက်တော၊ တာတိုက်၊ သမင်ခြံနှင့် ထန်းတပင် ကျေးရွာများမှ လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန် ၃၃၉ အိတ်နှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ဆေးဝါးကုသ

ဝန်ကြီးနှင့် လိုက်ပါလာသော ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဆေးကုသရေးအဖွဲ့မှ ဆရာဝန်နှင့် သူနာပြုများသည် ခရီးစဉ်တစ်လျှောက် ဖျားနာ၊ ထိခိုက်၊ ဒဏ်ရာရ ပြည်သူ ၁၃၈ ဦးတို့အား ဆေးဝါးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက် ကျန်းမာရေး

မုန်လာဥစားသုံးခြင်းဖြင့် ဆံပင်နှင့် နာဗ်ကြောများသန်စွမ်းနိုင်

ရန်ကုန် မေ ၁၆

အာဟာရဓာတ်ပြည့်ဝသော ဟင်းသီးဟင်းရွက်၊ သစ်ဥသစ်ဖုများတွင် မုန်လာဥလည်း ပါဝင်သည်။ မုန်လာဥသည် နှစ်စဉ်နိုဝင်ဘာနှင့် ဒီဇင်ဘာလများ၌ပေါများထွက်ရှိသည်။ အာရှတွင်သာမက ဥရောပနိုင်ငံအများအပြား၌ပါ မုန်လာဥကို စားသုံးမှုများကြသည်။

ပါဝင်

မုန်လာဥ **(ယာပုံ)**တွင် ပါဝင်သော ဓာတ်များမှာ ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်၊ ကာဗိုဟိုက်ဒရိတ်၊ ပရိုတိန်းနှင့် ကယ်လိုရီဓာတ်များ ပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်စီ ဖြစ်သည်။

ထောက်ကူ

မုန်လာဥကို ပုံမှန်စားသုံးလျှင် ဆံပင်၊ သွားနှင့် နာဗ်ကြောများ သန်စွမ်းစေပြီး အဆုတ်ရောဂါ ဖြစ်ပွားမှုများကိုလည်း ကာကွယ်နိုင်သည်။ ထို့အပြင် ခန္ဓာကိုယ်အလေးချိန်လျှော့ကျမှုကိုလည်း အထောက်အကူပေးကြောင်း သိရသည်။

ထို့အတူ မုန်လာဥကို ပုံမှန်စားသုံးသူများသည် ဆီးချိုရောဂါဖြစ်ပွားမှုနည်းကြောင်း၊ ထို့အပြင် ကျောက်ကပ်ရောဂါဖြစ်ပွားမှု လျော့ကျနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများ လေဘေးသင့်ပြ

ရောဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ လေဘေးသင့် ကျေးရွာများအတွက် ထောက်ပံ့ရေး ပစ္စည်းများ ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာစဉ်။

(သတင်းစဉ်)

စီစဉ်ဆောင်ရွက်

ရောဝတီတိုင်း အတွင်းရှိ လေဘေးသင့် ကျေးရွာများမှ အရေးပေါ်ကုသရန် လိုအပ်သည့် လူနာများအား ရန်ကုန်မြို့သို့ ရဟတ်ယာဉ်ဖြင့် သယ်ဆောင်၍ သက်ဆိုင်ရာ ဆေးရုံအသီးသီးသို့ သူနာပြုယာဉ်များဖြင့် ပို့ဆောင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ရေ...
လေဘေ...
များအ...
မှုလုပ်...

ရော...
မြို့နယ်ရှိ ...
အတွက် ...
စားသော...
လာရာ မိ...
ပြုကြစဉ်...

ရောဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာများတွင် သောက်သုံးရေများ ဝေငှပေးစဉ်။

(သတင်းစဉ်)

လူငါးဦး တစ်ပြိုင်တည်းစီးနိုင်သော ဟိုဗာဂရပ်(တ်)(Hovercraft) ရေပေါ်လျှပ်ပြေး ယာဉ်တစ်စင်း မုန်တိုင်းဒဏ်ခံရသော ရောဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုရန် ထိုင်းနိုင်ငံမှ C-130 လေယာဉ်ဖြင့် ရောက်ရှိလာစဉ်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ချက်ချင်းဖြန့်ဝေ

ကျန်းမာရေး စောင့်ရှောက်မှု

ရောဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများမှ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများအတွက် ထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ကုန်များ ရောက်ရှိလာရာ မိသားစုအလိုက် ခွဲဝေအသုံးပြုကြစဉ်။ (သတင်းစဉ်)

အဆောက်အအုံ ပြုပြင်

ရောဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို ပြုပြင်နေကြစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများတွင် သောက်သုံးရေများ ဝေငှပေးစဉ်။ (သတင်းစဉ်)

လူငါးဦး တစ်ပြိုင်တည်းစီးနိုင်သော ဟိုဗာဂရပ်(တ်)(Hovercraft) ရေပေါ်လျှပ်ပြေး ယာဉ်တစ်စင်း မုန်တိုင်းဒဏ်ခံရသော ရောဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုရန် ထိုင်းနိုင်ငံမှ C-130 လေယာဉ်ဖြင့် ရောက်ရှိလာစဉ်။ (သတင်းစဉ်)

စနစ်တကျ

ရောဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာတွင် ပြည်ပနိုင်ငံများမှ ထောက်ပံ့ထားသည့် ရွက်ဖျင်တဲများ၌ လေဘေးသင့်မိသားစုများအား စနစ်တကျ နေရာချထားပေးစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဥရောပကော်မရှင် ဖွံ့ဖြိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကော်မရှင်နာမှ မဟာမင်းကြီး **Mr. Louis Michel** နှင့်အဖွဲ့ လှိုင်သာယာမြို့နယ်ရှိအတွင်း ပဒံလေဘေားကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ်ရှိ အတွင်းပဒံလေဘေားကယ်ဆယ်ရေးစခန်း ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ သွားရောက်ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဥရောပကော်မရှင် ဖွံ့ဖြိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကော်မရှင်နာ **Mr. Louis Michel** နှင့်အဖွဲ့သည် မေ ၁၅ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဥရောပကော်မရှင် လူသားချင်းစာနာထောက်ထားမှုအကူအညီဆိုင်ရာအဖွဲ့ရုံးမှ မဟာမင်းကြီးနှင့် အဖွဲ့တို့သည် ရန်ကုန်(မြောက်ပိုင်း)ခရိုင် လှိုင်သာယာမြို့နယ်ရှိ အတွင်းပဒံလေဘေားကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့်အဖွဲ့ဝင်များက ကြိုဆိုကြပြီး လေဘေး ကယ်ဆယ်ရေးစခန်းရှိ ရွက်ဖျင်တဲများ၌ အိမ်ထောင်စုများအား နေရာချထားမှုနှင့် ကယ်ဆယ်ရေးစခန်း၌ အုပ်ချုပ်ရေးရုံး၊ ကျန်းမာရေး ဆေးခန်း၊ ဗီဒီယိုရုံ၊ ရေသန့်ရရှိမှု၊ မိသားစုနေ ထိုင်မှုများနှင့် ကယ်ဆယ်ရေးပစ္စည်းရရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ယင်းအဖွဲ့သည် လေဘေးကယ်ဆယ်ရေးစခန်းရှိ မိသားစုများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၅-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၅ ၄။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၅။ Regional Handicrafts
- ၈:၄၅ ၆။ International News

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၂၅ ၂။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၅ ၄။ တစ်ပတ်အတွင်းပြည်တွင်းသတင်းစဉ်
- ၁၂:၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီးဆွန်ကြီး** (အပိုင်း-၂၀)
- ၁၃:၂၅ ၆။ တေးဂီတအစီအစဉ်
- ၁၃:၄၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၀၀ ၈။ ဘော်ဘင်ရေလှောင်တမံ
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၄၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၄။ တေးဂီတအစီအစဉ်
- ၅:၁၀ ၅။ **အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်၊ (ဒါရိုက်တာ-ကြည်စိုး)
- ၅:၂၅ ၆။ တေးဂီတအစီအစဉ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ တေးဂီတအစီအစဉ်
- ၆:၅၀ ၁၀။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၇:၁၀ ၁၁။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၇:၂၅ ၁၂။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၂၁)

နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်

(၂၀၀၈ ခုနှစ် မေ ၁၆ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက်၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။ ။ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင်နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်း၊မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာစစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် ၊စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီ စင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၂၀လက်မ၊ ဂွမြို့တွင် ၆ဒသမ ၆၁လက်မ၊ ကျောက်ဖြူမြို့တွင် ၆ဒသမ ၃၃လက်မ၊ ကော့သောင်းမြို့တွင် ၅ဒသမ၀၄ လက်မ၊ သံတွဲမြို့တွင် ၄ဒသမ ၀၆ လက်မ၊ ကလေးဝမြို့တွင် ၃ဒသမ ၈၆လက်မနှင့် မင်းကင်းမြို့တွင် ၂ဒသမ ၈၀လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၁၇ရက် ညနေအထိခန့်မှန်းချက် ။ ။ ရခိုင်ပြည်နယ်၊မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀ မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၇ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၇ရက် ညနေအထိခန့်မှန်းချက်။

မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၇ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မေ တတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။

လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ဝန်ကြီးများနှင့်ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုဆွေးနွေး

ရန်ကုန် မေ ၁၆

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဥရောပကော်မရှင် ဖွံ့ဖြိုးမှုနှင့်လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကော်မရှင်နာ Mr. Louis Michel ဦးဆောင်၍ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သည့် Mr.Koen Doens, Head of cabinet of commissioner,Ms. Karin Gardes Koutny, Member of cabinet of commissioner,Ms. Benedicte van den Berg,Member of cabinet of commissionerတို့သည် မေ ၁၅ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် တွေ့ဆုံကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ဥရောပ ကော်မရှင်အနေဖြင့်မကြာသေးမီက မြန်မာနိုင်ငံတွင်ကျရောက်ခဲ့သည့် ဆိုင်ကလုန်းမုန် တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းကြောင်းပြောကြားပြီး ယင်းသို့ ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ဆွေးနွေးကြသည်။

ရှင်းလင်းပြောကြား

ဝန်ကြီးများက မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် စပ်လျဉ်းပြီး နိုင်ငံတော်မှ ချက်ချင်းအရေးယူစီစဉ် ဆောင်ရွက်ခဲ့မှု၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်နေမှု၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှုနှင့်ပြည်ပနိုင်ငံများမှ ကူညီထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့၌ လေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၁၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် မေ၁၃ရက် ညနေ ၄နာရီတွင် ဖျာပုံမြို့ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၌ ဖွင့်လှစ်ထားရှိသော ယာယီကွပ်ကဲမှုရုံး၌ ဦးသန်းထိုက်စံ(မောင်ဝိတ်မိသားစု)က လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် မေ ၁၄ရက် ယာယီကွပ်ကဲမှုရုံး၌ ယုဇနကုမ္ပဏီလီမိတက်၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ ပြည်ဖြိုးကျော် ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဖျာပုံခရိုင်နှင့် ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား တွေ့ဆုံ၍ ဖျာပုံမြို့ပေါ်ရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဆေးရုံနှင့် စာသင်ကျောင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေ၊ အိမ်ဆောက်ပစ္စည်းများ စုဆောင်းရရှိ၊ ဖြန့်ခွဲသုံးစွဲမှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် ကုမ္ပဏီလီမိတက်များမှ တာဝန်ရှိသူများနှင့်အတူ ဖျာပုံပြည်သူ့ဆေးရုံသို့ သွားရောက်၍ ယုဇနကုမ္ပဏီလီမိတက်မှ တာဝန်ယူပြုပြင်တည်ဆောက်လျက်ရှိသော လူနာဆောင်များနှင့်ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက်ရောက်ကုသနေသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဝန်ကြီးသည် ဖျာပုံမြို့ အမှတ်(၇)နှင့်အမှတ်(၈)ရပ်ကွက်တို့ရှိ လေဘေးသင့်ပြည်သူများအား အိမ်ရှေ့အရောက် မော်တော်ယာဉ်များဖြင့် လှည့်လည်၍ သွပ်ပြားများဝေမှုကို လိုက်လံကြည့်ရှုပြီး ချောင်းတွင်းကျေးရွာ သီရိမင်္ဂလာသိမ်ကျောင်း၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းနှင့် ဘိုးဘွားရိပ်သာတို့သို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်အစားအသောက်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ယာယီကွပ်ကဲမှုရုံး၌ ယုဇန၊ ဒဂုံအင်တာနေရှင်နယ်၊ ပြည်ဖြိုးကျော် ကုမ္ပဏီလီမိတက်တို့မှ လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး ညပိုင်းတွင် ဖျာပုံမြို့အား 100 KVA မီးစက်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မေ ၁၅ ရက် နံနက် ၇နာရီတွင် ဖျာပုံခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်းပြီး ဖျာပုံပြည်သူ့ဆေးရုံကြီးအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ ကန်တော်ကြီးသောက်ရေကန်မှ မြို့ပေါ်ရပ်ကွက်များသို့ ရေချိုပေးဝေနေမှုကို လည်းကောင်း၊ ဖျာပုံခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ လိပ်ဥကုန်းဘုရားတန်ဆောင်းတွင် ဖွင့်လှစ်ထားရှိသော ယာယီကယ်ဆယ်ရေးစခန်း၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား လေဘေးသင့်ပြည်သူများထံ ဖြန့်ဝေပေးနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လာရောက်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ဖျာပုံပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ကုသနေသော လူနာများအတွက် Golden Flower Co.,Ltd. ၊PMG Co.,Ltd.၊ Stet Co.,Ltd. ၊Down Co.,Ltd.၊ ရွှေဖိုးင်းဖြူ ကျောက်မျက်ကုမ္ပဏီလီမိတက်၊ပန်းရိုးမအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်တို့မှ လာရောက်လှူဒါန်းသော ဆေးဝါး၊စားသောက်ကုန်နှင့် ထောက်ပံ့ငွေများကို အလှူရှင်များနှင့်အတူ လူနာများသို့ ထောက်ပံ့ပေးအပ်ပြီး သီရိမင်္ဂလာ ကန်ဦးကျောင်း၊ရွာမကျောင်းနှင့် မင်းကျောင်းတို့၌ လေဘေးသင့် ပြည်သူများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

လှူဒါန်းငွေလက်ခံ

ထို့နောက် ဝန်ကြီးသည် ယာယီကွပ်ကဲမှုရုံး၌ မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ လေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ Silver Ware Energy Co.,Ltd.၊ မောင်ဝိတ် မိသားစုကုမ္ပဏီတို့မှ ပေးပို့လှူဒါန်းသော ထောက်ပံ့ငွေ၊ အမိုးအကာ၊ စားသောက်ကုန်နှင့် လူသုံးကုန်များကို လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ များမှ လေဘေးသင့် ပြည်သူများထံ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများမှ တစ်ဆင့် ကယ်ဆယ်ရေး ပစ္စည်းများ အဆက်မပြတ်ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေးဝန်း-မြစ်သား-မြင်းခြံလမ်းပေါ်ရှိ တံတားကြမ်းခင်းပြုပြင် ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းအပိုင်း တံတားတည်ဆောက်

ရန်ကုန် မေ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မေ ၅ ရက်က ရေးဝန်း-မြစ်သား-မြင်းခြံ လမ်းပေါ်ရှိ တံတားကြမ်းခင်းများ ပြုပြင်ရန်နှင့် လမ်းမျက်နှာပြင်များ ပျက်စီးမှုများကို ပြုပြင်ရန် ကျောက်ဆည်ခရိုင် အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်အား မှာကြားပြီး မြစ်သားမြို့တွင်းလမ်း၌ ကတ္တရာကွန်ကရစ်ခင်းပြီးနေမှု အခြေအနေများကိုလိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မေ ၁၁ ရက်တွင် ပွင့်ဖြူ-ပခုက္ကူ မီးရထားလမ်းအပိုင်းတွင် မီးရထားတံတား တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၇)ကတာဝန်ယူ တည်ဆောက်လျက်ရှိသည့်ချစ်ချောင်း တံတားစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များကို ပံ့ပိုး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မေ ၁၂ ရက်တွင် ပွင့်ဖြူ-ပခုက္ကူ မီးရထားလမ်းအပိုင်း မီးရထားတံတားတည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၈)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ချောင်းမကြီး(၁)နှင့် ချောင်းမကြီး(၂) တည်ဆောက်နေမှုနှင့် ပခုက္ကူခရိုင်မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ချောင်းမကိုင်းတံတား ဆောက်လုပ်မှု အခြေအနေများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ မြန်မာ့မီးရထားက လိုအပ်သည့် လုပ်ငန်းသတ်မှတ်ချက်များအတိုင်း အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ပေးရန်၊ တံတားရက်မနှင့် ကျန်ဆက်စပ် လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရန်မှာကြားပြီး ဝန်ကြီးနှင့် အဖွဲ့သည် မေ ၁၃ ရက်တွင် ယောချောင်းတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှု စစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောင်းမကြီး(၁)နှင့်(၂)တံတားတိုင်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ချောင်းမကိုင်းတံတား လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်/ရပ်ကွက်/ ကျေးရွာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ၌ ပြည်သူများ ဆန္ဒမဲပေး

ရန်ကုန် မေ ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အတည်ပြုနိုင်ရေးအတွက် ဆန္ဒမဲပေးပွဲများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်/ရပ်ကွက်/ ကျေးရွာ အသီးသီး၌ မေ ၁၀ရက် နံနက် ၆ နာရီမှစတင်၍ တစ်ချိန်တည်း ကျင်းပကြသည်။(အပေါ်ပုံ)

ဆန္ဒမဲပေး

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ဆန္ဒခံယူပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်သားများ၊ မိသားစုဝင်များသည် သက်ဆိုင်ရာ မဲရုံများတွင် အသီးသီး ဆန္ဒမဲပေးကြသည်။

ကြည့်ရှုလေ့လာ

ကျိုင်းတုံမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ မဲရုံ ၈၇ရုံသို့ ပြည်သူများသွားရောက်ဆန္ဒမဲပေးကြရာ မဲရုံများ၌ ဆန္ဒမဲပေးနေမှုများကို မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးယာယီတာဝန်ခံ Mr.RSAI BUB REEMAU နှင့် အမေရိကန်သံရုံးသံအရာရှိ Mr. Jeremy Ettdweu တို့သည် ကျိုင်းတုံမြို့သို့ မေ ၉ ရက်တွင် ရောက်ရှိပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့်အတူ မေ ၁၀ ရက်တွင် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်၁၀မြို့နယ်တို့ရှိ မဲရုံပေါင်း ၄၁၁ ရုံ၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အတည်ပြုရေးအတွက် ဥပဒေနှင့်အညီ တက်ကြွစွာ ဆန္ဒမဲ ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ကုမ္ပဏီအဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား မေ ၁၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိအမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ပစ္စည်းဖြည့်တင်းရေးဌာနခွဲ ဧည့်ခန်းမသို့ China Gezhouba Water & Power Group Co.,Ltd. (CGGC)ကုမ္ပဏီမှ Vice President, Mr. Renjin Guo နှင့်အဖွဲ့က လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် China Gezhouba Water & Power Group Co.,Ltd. (CGGC)ကုမ္ပဏီမှ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရဲရွာ၊ ရွှေကျင်၊ ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်းများတွင် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

စာနာထောက်ထား

ထို့နောက် China Gezhouba Water & Power Group Co.,Ltd. (CGGC)ကုမ္ပဏီက လေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် ဆုံးရှုံးမှုများ အတွက်လည်း မိမိတို့ နိုင်ငံသူနိုင်ငံသားများက စိတ်ထိခိုက်ကြကြောင်းနှင့်စာနာထောက်ထားပါကြောင်းကို ပြောကြားသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့်ဒေသများ မိုးရေကိုအကျိုးရှိစွာသုံးစွဲ အထောက်အပံ့ပစ္စည်းများ အဆက်မပြတ်ပေးပို့

ရန်ကုန် မေ ၁၆

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ မေ၂ရက်နှင့် ၃ ရက်ကတိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ကြောင့် ထိုဒေသရှိ ရေကန်များတွင် ပင်လယ်ဆားငန်ရေများ ဝင်ရောက်ခဲ့ရာ ဒေသခံပြည်သူများ သောက်ရေသုံးရေအတွက် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။

မိုးဖြိုင်ဖြိုင်ရွာ

ယခုအခါ မြစ်ဝကျွန်းပေါ်ဒေသတွင် အနောက်တောင် မုတ်သုံလေ ဝင်ရောက်စပြုလာပြီဖြစ်၍ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ နေရာဒေသများတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းလျက်ရှိရာ သောက်သုံးရေမသုံးစွဲနိုင်သော ဒေသများတွင် မိုးကာစများကို ရေကန်သဖွယ် ပြုလုပ်၍ မိုးရေကို အကျိုးရှိစွာ ခံယူသုံးစွဲလျက်ရှိသဖြင့် ဒေသခံပြည်သူများ ရေအတွက် စတင်အဆင်ပြေလျက်ရှိကြောင်းသိရသည်။

အစီအမံရှိရှိ ကြပ်မတ်

ထို့အပြင် ပုဂ္ဂလိက အလှူရှင်များကလည်း အစားအစာ၊ရေနှင့်အထောက်အပံ့ပစ္စည်းများအဆက်မပြတ်လှူဒါန်းလျက်ရှိရာ လေဘေးသင့် ပြည်သူများထံသို့ အထောက်အပံ့ပစ္စည်းများ အဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိသည်။ ပျက်စီးပျောက်ဆုံးမှု၊ အလွဲသုံးစားမှုမရှိအောင်လည်း အစီအမံရှိရှိ ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ရှိလမ်းများအပြောင်ရှင်းစနစ်ဖြင့် ဆက်လက်ရှင်းလင်းဖယ်ရှား မော်တော်ယာဉ်များပုံမှန်မောင်းနှင် သွားလာနိုင်ပြီ

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့ရှိ လမ်းများပေါ်၌ အပြောင်ရှင်းစနစ်ဖြင့် ဆက်လက် ရှင်းလင်းဖယ်ရှားလျက်ရှိရာ ယမန်နေ့က မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်းနှင့် လသာမြို့နယ်အတွင်းရှိ လမ်းများကို အင်းတိုင်တပ်နယ်မှ တပ်မတော်သားအင်အား ၁၀၀၀တို့က စက်ယန္တရားအကူအညီဖြင့် ရှင်းလင်းဖယ်ရှားလျက်ရှိသည်။

ရှင်းလင်းဖယ်ရှား

ထို့အတူ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ တပ်မတော်(ရေ) စစ်သည်အင်အား ၂၀၀ တို့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းတစ်လျှောက်၌လည်းကောင်း၊ ရန်ကုန်တပ်နယ်မှတပ်မတော်သားများသည် ဒဂုံမြို့နယ်အတွင်းရှိလမ်းများ၊ ကျောင်းများ(**အပေါ်ပုံ**)၌လည်းကောင်း၊ လသာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကမ်းနားလမ်း ညောင်ပင်လေးဈေး ပတ်ဝန်းကျင်၌ လည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာနရုံးအနီး၌လည်းကောင်း စက်ယန္တရားများ အကူအညီဖြင့် အကိုင်းအခတ်နှင့် မြစ်ဆုံများ၊ အမှိုက်သရိုက်များကို အပြောင်ရှင်းစနစ်ဖြင့် ရှင်းလင်းဖယ်ရှားလျက်ရှိသည်။

ထို့အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများသည် မုန်တိုင်းဒဏ်ကြောင့် လဲကျနေသော ကြော်ငြာဆိုင်းဘုတ်ကြီးများကို စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားလျက်ရှိရာ ရွှေတိဂုံဘုရားလမ်းနှင့်ဦးဝိစာရလမ်းထောင့်၌ လဲကျနေသော ကြော်ငြာဆိုင်းဘုတ်ကြီးများကို ဖယ်ရှားရှင်းလင်းပြုပြင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ပုံမှန်မောင်းနှင်

ထို့ကြောင့် ရန်ကုန်မြို့တွင်း၌ လမ်းများရှင်းလင်းကာ မော်တော်ယာဉ်များ ပုံမှန်မောင်းနှင်သွားလာနိုင်ကြပြီဖြစ်သည့်အပြင် လူသွားစင်္ကြံများပါ တစ်နေ့ထက်တစ်နေ့ ရှင်းလင်းသပ်ရပ်လာပြီး သွားလာဆက်သွယ်မှု ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိရသည်။ **(သတင်းစဉ်)**

ငါးထပ်ကြီးဘုရားထီးတော်နှင့် တိုင်တစ်ရာကျောင်းတော်ကြီး ပြန်လည်ပြုပြင်ရာ၌ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မဟာသကျအတုလမာရ်အောင် ဘွဲ့တော် ဆောင်သော ငါးထပ်ကြီးဘုရာကြီးနှင့် ရှေးဟောင်းသမိုင်းဝင်တိုင်တစ်ရာကျောင်းတော်ကြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသဖြင့် ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့သည် မေ ၁၁ရက်က ငါးထပ်ကြီးဘုရား ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒကိုခံယူလျက် စေတနာရှင် ပြည်သူတို့၏ လှူဒါန်းမှုတို့ဖြင့် ပြုပြင်ရန် စီစဉ်လျက်ရှိပါ၍ မိမိတို့တတ်နိုင်သမျှနိဗ္ဗာန် အကျိုးမျှော်၍ လှူဒါန်းနိုင်ကြကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၅၅၄၀၅၇နှင့်၅၄၂၁၇၇တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၇၀) နှင့်(၇၁)ရပ်ကွက် တစ်ဆက်တစ်စပ်တည်းရှိ နဝဒေးလမ်းကို ကျောက်ချောကတ္တရာလမ်းအဖြစ်အဆင့်မြှင့်ခင်းရန် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက လမ်းခင်းကျောက်များခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဇေယျာလမ်းနှင့် (၇၀)နှင့်(၇၁)ရပ်ကွက် နဝဒေးလမ်း ကျောက်ချောကတ္တရာခင်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၇)ရပ်ကွက် အောင်ဇေယျာလမ်း၌ ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ခင်းရန် လမ်းခင်းကျောက်များ ခင်းကျင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရာသီမရွေးသွားလာနိုင်

အဆိုပါ အောင်ဇေယျာလမ်းသည် လမ်းအရှည်ပေ ၂၁၅၀ နှင့် အကျယ်၁၂ပေရှိပြီး ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပြီးစီးပါက ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ မြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၀)နှင့်(၇၁)ရပ်ကွက်တစ်ဆက်တစ်စပ်တည်းရှိ နဝဒေးလမ်းကျောက်ချောကတ္တရာလမ်းအဖြစ် ခင်းကျင်းနေမှု အမှတ်(၇၁)ရပ်ကွက် နဝဒေးလမ်းရှိ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်းပတ်ဝန်းကျင် ရေစီးရေလာ အခြေအနေ၊ အမှတ်(၇၀)ရပ်ကွက် အောင်ချမ်းသာ(၄)လမ်းရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခွဲ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားမှုအခြေအနေ၊ မဏိစည်သူလမ်းကို ကျောက်ချောကတ္တရာလမ်းအဖြစ်ခင်းနေမှု၊ လမ်းများအခြေအနေနှင့် ရေနုတ်မြောင်းများ ရေစီးရေလာအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်ရေး၊ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရာသီမရွေး

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၀)နှင့်(၇၁)ရပ်ကွက် နဝဒေးလမ်းသည် စုစုပေါင်းအရှည်ပေ ၅၅၂၀နှင့် အကျယ်၁၂ပေရှိပြီး မဏိစည်သူလမ်းသည် စုစုပေါင်း အရှည်ပေ ၄၄၈၀နှင့်အကျယ်၁၂ပေရှိကာ ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပြီးစီးပါက ရပ်ကွက်ချင်းရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးဒဏ်သင့်ပြည်သူများအား အလှူငွေနှင့်အထောက်အပံ့ပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လေဘေးဒဏ်သင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲကို မေ၈ရက် နံနက် ၉နာရီခွဲက ကျိုင်းတုံမြို့စည်ပင်သာယာခန်းမဦကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ အမှာစကား ပြောကြားပြီး အလှူငွေများလက်ခံသည်။

ယင်းနောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က ငွေကျပ် ၁၀၈၂၉၀၀၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)က ငွေကျပ်သိန်း၂၀၀၊ အထူးဒေသ(၄) ဦးစိုင်းလင်းမိသားစုက သိန်း၁၀၀၊တာချီလိတ်မြို့နေ ဦးအားဖေမိသားစုက ငွေကျပ်သိန်း၅၀၀၊ တာချီလိတ်ခရိုင်နှင့်မြို့နယ်များကငွေကျပ်၄၇၇၈၄၃၅၀၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်၁၀သိန်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံသည်။

လက်ခံ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး မိသားစုက ငွေကျပ် ၁၀သိန်းတန်ဖိုးရှိစောင်အထည်၅၀၀၊ တိုင်းစစ်ဌာနချုပ်က ငွေကျပ်၂၀၁၆၅၅၀၀၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များက ငွေကျပ် ၇၇၇၆၂၀၀၊ ကျိုင်းတုံ မြို့မဈေးသူဈေးသားများက ငွေကျပ်၃၅သိန်းနှင့် စေတနာရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့မဈေး၌ ဈေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လေမုန်တိုင်းဒဏ်ခံ ပြည်သူများအတွက် အလှူခံဌာနဖွင့်လှစ်ပြီး အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ကောက်ခံစုဆောင်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ထောက်ပံ့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လေဘေးဒဏ်သင့် ပြည်သူများအတွက် ပထမအကြိမ် အလှူငွေနှင့်အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ပစ္စည်းတန်ဖိုးငွေကျပ် ၈၀၄၅၄၀၂၀၊ အလှူငွေ ၁၂၈၁၄၅၁၂၀ စုစုပေါင်းငွေကျပ် ၂၀၈၅၉၉၁၄၀ပေးအပ်လှူဒါန်းခဲ့ပြီး အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ဆက်လက်လက်ခံ ထောက်ပံ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးပစ္စည်းမျိုးစုံ

မေ၅ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ ဆေးပစ္စည်းမျိုးစုံသေတ္တာများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ဆေးဝါးနှင့်အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၁၆

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးဝါးနှင့်အလှူငွေများ ပထမအကြိမ်လှူဒါန်းပွဲကို မေ၁၁ရက် မွန်းလွဲပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ Macleods Pharmaceuticals Ltd.၊ Royal Ruby Co.,Ltd.နှင့် Aung Cho Tun Co.,Ltd. တို့က ငွေကျပ်၁၀သိန်းစီတန်ဖိုးရှိ ဆေးဝါးများ၊ Naw Trading Co.,Ltd.က ငွေကျပ် ၉၀၀၀၀၀တန်ဖိုးရှိဆေးဝါးများ၊ U Than Ohn & Sons Co.,Ltd. က ငွေကျပ် ၇၃၀၅၅၀ တန်ဖိုးရှိ ဆေးဝါးများ၊ Zaburit Medicine-Medical Equipment & General Trading Co-op Society Ltd.က ငွေကျပ်၅၂၈၀၀၀တန်ဖိုးရှိဆေးဝါးများ၊ Ar Raw Jan Co.,Ltd.ကငွေကျပ် ၅၀၆၈၀၀ တန်ဖိုးရှိဆေးဝါးများ၊ Shine Hope Co.,Ltd. က ငွေကျပ်၅၀၀၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ Hero Int'l Ent'p Ltd.နှင့် Vimal Co.,Ltd.တို့က ငွေကျပ်၅၀၀၀၀၀ စီ၊ Fame Pharmaceuticals Co.,Ltd. နှင့် AA Group Ltd. တို့က ငွေကျပ် ၄၇၀၀၀၀စီတန်ဖိုးရှိဆေးဝါးများ၊ Good Asia Co.,Ltd. ကငွေကျပ် ၄၆၄၀၀၀တန်ဖိုးရှိဆေးဝါးများ၊ Kyaw Pharmaceutical Co.,Ltd. ကငွေကျပ် ၃၈၄၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ Tun Tauk Myay Co.,Ltd.က ငွေကျပ် ၃၄၀၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ Pai Brother's Int'l Co., Ltd. က ငွေကျပ်၃၂၀၀၀၀တန်ဖိုးရှိဆေးဝါးများ၊ Medlite Co.,Ltd. က ငွေကျပ်၃၁၅၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ Merino Co.,Ltd. က ငွေကျပ် ၂၈၂၅၀၀တန်ဖိုးရှိဆေးဝါးများ၊ U Chit Oo (Manadalay) က ငွေကျပ်၁၇၂၅၀၀ တန်ဖိုးရှိဆေးဝါးများ၊ Grand Master Int'l Co.,Ltd. က ငွေကျပ်၁၀၀၀၀၀၊ Win Yadanar Bon Co.,Ltd. က ငွေကျပ်၅၀၀၀၀နှင့် Sea Shine Co.,Ltd. က ငွေကျပ် ၂၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံသည်။

(သတင်းစဉ်)

မေ ၁၄ရက်က ရန်ကင်းမြို့နယ် အမှတ် (၆)ရပ်ကွက်တွင် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ ဓာတ်အားလိုင်း ဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၆

လေဘေးသင့် ပြည်သူများအတွက် အလှူရှင်များက ဆက်လက် လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ Super One International Co.,Ltd.မှ တန်ဖိုး ၁၀၂ ဒသမ ၅ သိန်းရှိသော ကော်ဖီမစ်ထုပ်ရေ ၁၂၅၀၀၀၊ZTE Corporation မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀တန်ဖိုးရှိသော စောင်အထည် ၂၀၀၀တို့ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတစ်ဆင့် ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယ်ဆယ်ရေးစခန်းအတွင်း ထောက်ပံ့သောပစ္စည်းများဖြန့်ဝေ စေတနာရှင်ပြည်သူများ ကိုယ်တိုင်ဝေငှလှူဒါန်းနိုင်

"စောင်နဲ့ အခြား အသုံးအဆောင် ပစ္စည်းတွေ လက်ခံရရှိပါတယ်"
မမြသူဇာဦး
ဂျပန်နိုင်ငံမှလှူဒါန်းသော ရွက်ဖျင်တဲ၌နေထိုင်သူ

ကွင်းဆင်းမေးမြန်းရေးသားသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် မေ ၁၆

မကြာမီက တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် မြန်မာနိုင်ငံဒေသအချို့တွင် လေဘေးဒုက္ခ ကြုံတွေ့ခံစားခဲ့ကြရသည်။ နိုင်ငံတော်က လေဘေးသင့်ခံရသော ဒေသခံများအား ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ကာ လေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိသည်။

ကော့မှူးမြို့နယ်

ထိုသို့ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ် ဆောင်ရွက်ထားရှိသည့်အနက်

"လေဘေးသင့်သူတွေကို ကယ်ဆယ် စောင့်ရှောက်ထားတာပါ"
ဗိုလ်မှူးသန်းဇော်ထူး
ကယ်ဆယ်ရေးစခန်းတာဝန်ခံ

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် အိုးဖိုရပ်ကွက်၌ ဖွင့်လှစ်ထားရှိသည့် ဇဟိုကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကာ လေဘေးသင့်ခံရသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဇဟိုကယ်ဆယ်ရေး စခန်းအတွင်း၌ ကယ်ဆယ်ရေးစခန်း တာဝန်ခံ ဗိုလ်မှူး သန်းဇော်ထူးနှင့်တွေ့ဆုံကာ စီစဉ်ဆောင်ရွက်နေမှုများကို မေးမြန်းရာ "**ဒီကယ်ဆယ်ရေးစခန်းမှာတော့ လယ်ကွင်းတွေထဲမှာ တဲထိုးနေတဲ့သူတွေ၊ ရွာတည်ပြီးနေတဲ့သူတွေနဲ့ အခြားရွာတွေက လေဘေးသင့်သူတွေကို ကယ်ဆယ်စောင့်ရှောက်ထားတာပါ။ သူတို့ကို ဆန်၊ ခြင်ထောင်၊စောင်၊အဝတ်အထည်၊ဒန်အိုး၊ အခင်းပိတ်စနဲ့ လူသုံးကုန်ပစ္စည်းတွေ ကိုဖြန့်ဝေပေးနေပါတယ်။ ဒီကယ်ဆယ်ရေးစခန်းမှာ တရုတ်၊ စင်ကာပူ၊ ရုရှား၊ ဂျပန်စတဲ့နိုင်ငံတွေကလှူဒါန်းတဲ့ ရွက်ဖျင်တဲတွေလည်းရှိပါတယ်**"ဟု ရှင်းပြသည်။

ရွက်ဖျင်တဲများ

ကယ်ဆယ်ရေးစခန်းအတွင်း တရုတ်နိုင်ငံက လှူဒါန်းသော အပြာနှင့်အနီနှစ်ရောင်စပ်ရွက်ဖျင်တဲ၊ စင်ကာပူနိုင်ငံက လှူဒါန်းသော အဝါနှင့်အပြာရောင်စပ်ရွက်ဖျင်တဲ၊ ရုရှားနိုင်ငံက လှူဒါန်းသော အပြာနုရောင်နှင့် အပြာရင့်ရောင် ရွက်ဖျင်တဲ၊ ဂျပန်နိုင်ငံက လှူဒါန်းသည့် အဖြူရောင်ရွက်ဖျင်တဲများကိုတွေ့ရသည်။ တစ်ဖန် စားရိပ်သာ၊ ထမင်းချက်ရုံ၊ ဆေးပေးခန်း၊ ရိက္ခာသိုလှောင်ရုံ၊ အုပ်ချုပ်ရေးရုံးနှင့် လုံခြုံရေး ရွက်ဖျင်တဲများကိုလည်း စနစ်တကျ တည်ဆောက်ပေးထားသည်။

"ကယ်ဆယ်ရေးပစ္စည်းတွေ ရပါတယ်"
ဦးမောင်ဦး
တရုတ်နိုင်ငံမှလှူဒါန်းသော ရွက်ဖျင်တဲ၌နေထိုင်သူ

တိုက်ရိုက်လှူဒါန်းနိုင်

ဒီကယ်ဆယ်ရေးစခန်းမှာ ရှိတဲ့ လေဘေးသင့်သူတွေကို နံနက်၊ ည ထမင်းဟင်း ချက်ပြုတ်ကျွေးပါတယ်။ စားရိပ်သာ ရွက်ဖျင်တဲမှာ လာရောက်စားနိုင်ကြပြီး အခမဲ့ဆေးဝါးကုသမှုတွေ၊ ဖျော်ဖြေရေးအနေနဲ့ ဗီဒီယိုပြသပေးမှုတွေနဲ့ ညပိုင်းမှာ မီးစက်ထွန်းပြီး လျှပ်စစ်မီးရရှိအောင်လည်း ဆောင်ရွက်ပေးပါတယ်။ စေတနာရှင်ပြည်သူတွေအနေနဲ့ လှူဒါန်းလိုတယ် ဆိုရင် လေဘေးသင့်သူတွေလက်ထဲ ကိုယ်တိုင် တိုက်ရိုက် အချိန်မရွေးလှူဒါန်းလို့ရပါတယ်" ဟု အထူး ကယ်ဆယ်ရေးစခန်းတာဝန်ခံ ဗိုလ်မှူး သန်းဇော်ထူးက ဆက်လက်ရှင်းပြသည်။

ထို့နောက် လေဘေးသင့်သူများ ထားရှိရာ ရွက်ဖျင်တဲများဘက် ထွက်ခဲ့သည်။ ပုံစံတကျ အစီအရီရှိနေသော ရွက်ဖျင်တဲများအတွင်း လေဘေးသင့်ခံရသူမိသားစုများ လွတ်လပ်စွာ နေထိုင်နေကြသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံမှလှူဒါန်းသော ရွက်ဖျင်တဲ၌ နေထိုင်သူ ဦးမောင်ဦးအား တွေ့ဆုံမေးမြန်းရာ " ကျွန်တော်နေထိုင်တာက လယ်ခိုက်ရွာပါ။ လယ်ထဲမှာ မိသားစုနဲ့ အတူ မုန်တိုင်းဒဏ်ခံရပြီး ကျွန်တော့် လယ်တဲလည်း ပြိုကျပျက်စီးသွားပါတယ်။ ဒီနောက်မှာတော့ အခုကယ်ဆယ်ရေးစခန်းကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက ခေါ်လာပြီး စောင့်ရှောက်ခဲ့တာပါ။ ကယ်ဆယ်ရေး စခန်းမှာ စောင်၊ ခြင်ထောင်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ဒန်အိုး၊ ပန်းကန်နဲ့ ငါးသေတ္တာဘူးတွေလည်း ရပါတယ်။ အလှူရှင်တွေက တိုက်ရိုက်လာလှူတာတွေလည်း ကျွန်တော်တို့ရရှိပါတယ်"ဟု ပြောကြားသည်။

"အိုးခွက်ပန်းကန်တွေပါ ရရှိပါတယ်"
ဒေါ်ခင်လှိုင်
ရုရှားနိုင်ငံမှလှူဒါန်းသော ရွက်ဖျင်တဲ၌နေထိုင်သူ

စိတ်တိုင်းကျ

ထို့ပြင် ဂျပန်နိုင်ငံမှ လှူဒါန်းထားသော အဖြူရောင်ရွက်ဖျင်တဲ၌ နေထိုင်သူ မမြသူဇာဦးနှင့် တွေ့ဆုံ မေးမြန်းရာ "ကျွန်မတို့မိသားစုက လုပ်ငန်းရှိတဲ့ လယ်ကွင်းထဲမှာ အိမ်ဆောက်ပြီး နေတာပါ။ မုန်တိုင်းဒဏ်ခံရပြီး အိမ်လည်းပြို၊ ပစ္စည်းတွေလည်းဆုံးရှုံးပါတယ်။ တာဝန်ရှိတဲ့ သူတွေကဒီကယ်ဆယ်ရေးစခန်းကို ခေါ်လာပြီး စောင့်ရှောက်ထားတာပါ။ အခုဒီမှာ ခြင်ထောင်၊ ဒန်အိုး၊ ဒန်ခွက်၊ပန်းကန်ပြား၊ရေပုံး၊ အခင်းပိတ်စ၊ စောင်နဲ့ အခြား အသုံးဆောင် ပစ္စည်းတွေ ရပါတယ်။ မနက်ည ထမင်းချက်ကျွေးတာမို့ ဝဝလင်လင် စိတ်တိုင်းကျ စားရပါတယ်။ ကျန်းမာရေးအတွက် ဆေးကုသခွင့် အခမဲ့ရရှိပါတယ်"ဟု ဖြေကြားသည်။

ဆက်လက်ပြီး ကယ်ဆယ်ရေးစခန်းအတွင်းလှည့်လည်ကြည့်ရှုကာ ရုရှားနိုင်ငံက လှူဒါန်းသော အပြာနုရောင် ရွက်ဖျင်တဲ၌ နေထိုင်သူ ဒေါ်ခင်လှိုင်အား နေထိုင်ရမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ ရရှိမှုကို မေးမြန်းရာ "ကျွန်မက အိုးဖိုရွာကပါ။ မုန်တိုင်းဒဏ်ခံရပြီး အိမ်ပြိုပျက်စီးသွားလို့ ဒီကယ်ဆယ်ရေးစခန်းကိုရောက်လာတာပါ။ ကယ်ဆယ်ရေးပစ္စည်းတွေ ရရှိတာကတော့ ရေသန့်ဘူး၊ အခင်းပိတ်စ၊ ခြင်ထောင်၊ စောင်နဲ့ အိုးခွက် ပန်းကန်ပြားတွေ၊ စေတနာရှင်တွေက လာလှူသွားတဲ့ အဝတ်အထည်ပစ္စည်းတွေရရှိပါတယ်။ စေတနာရှင်တွေက ကျွန်မတို့ လက်ထဲအရောက် တိုက်ရိုက်လာလှူတာပါ"ဟု ပြောကြားသည်။

လှူဒါန်း

ထို့နောက် ကိုယ်ပိုင်မော်တော်ယာဉ်တစ်စီးဖြင့် အဝတ်အထည်များလာရောက်လှူဒါန်းသူ စေတနာရှင်တစ်စုကလည်း ကယ်ဆယ်ရေးစခန်းအတွင်းရှိ ရွက်ဖျင်တဲများတစ်လုံးချင်းစီကို ကိုယ်တိုင်လိုက်လံဝေငှလှူဒါန်းနေသည်ကိုတွေ့ရသည်။ အနီးကပ်လေ့လာကြည့်ရာ အမျိုးသားဝတ်လုံချည်အသစ်များ၊ အမျိုးသမီး အဝတ်အထည်အသစ်များဖြစ်သည်ကို တွေ့ရသည်။

ကိုယ်တိုင်

ထို့ကြောင့် ကယ်ဆယ်ရေးစခန်းအတွင်း လေဘေးသင့် ခံရသူများကို စေတနာရှင် ပြည်သူများ ကိုယ်တိုင်လက်ရောက်ဝေငှလှူဒါန်းနိုင်ပါကြောင်း ကွင်းဆင်းလေ့လာ မေးမြန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကော့မှူးမြို့နယ် အိုးဖိုရပ်ကွက် လေဘေးသင့်ခံရသူများအတွက် စေတနာရှင်ပြည်သူများကိုယ်တိုင် လက်ရောက်ဝေငှ လှူဒါန်းနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ရန်ကုန် တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် အိုးဖိုရပ်ကွက်၌ ဖွင့်လှစ်ထားရှိသည့် ဇဟိုကယ်ဆယ်ရေးစခန်းမြင်ကွင်း။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

၂၉-၄-၂၀၀၈ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပြီး ၁၅-၅-၂၀၀၈ ရက် IBC ခန်းမတွင်ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်နှင့် ဇနီးဒေါ်အေးခိုင်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးမျာ ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်သိန်းငွေ (ငြိမ်း) နှင့်ဇနီး ဒေါ်ခင်ရွှေအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ကျော်သူနှင့် ဇနီးဒေါ်အေးအေးရီအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟ အားလုံးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဗိုလ်ကြီးထက်အောင်ခိုင်-မမျိုးမွန်သိမ့်
နှစ်ဖက်မိဘများ ဒုတိယဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း)-ဒေါ်အေးအေး
ဦးမြင့်စိုး-ဒေါ်နီလာမြတ်။

ဝန်ထမ်းအလိုရှိသည်

ကွန်ပျူတာတပ်ဆင်ခြင်း၊ ပြုပြင်ခြင်း ကျား (၅)ဦး
Network Engineering
အသက် (၂၀)မှ (၂၅)နှစ်
ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ကျား/မ (၅)ဦး
ရောင်းချရန်
A+ Hardware ကျွမ်းကျင်သူ
အသက် (၂၀)မှ (၂၅)နှစ်

အထက်ပါအလုပ်ကိစ္စလုပ်ကိုင်လိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်း ထောက်ခံချက်၊ ပညာအရည်အချင်းအထောက်အထားများနှင့်အတူ အမှတ် ၃၇၄၊ ၃၇၅၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၅-၅-၂၀၀၈ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

မွေးနေ့ဆုတောင်း

မိခင်ကြီး **ဒေါ်ညို(ခ) ဒေါ်ခင်ညို** (မြို့မ ၄၊ ဒလ)၏ ၁၇-၅-၂၀၀၈ရက်တွင် ကျရောက်သော (၆၆)နှစ်မြောက် မွေးနေ့ မှသည် အနှစ် (၁၂၀)တိုင် မိသားစုနှင့်အတူ အလှူရေစက်လက်နှင့်မကွာ ကျန်းမာပျော်ရွှင်စွာ လက်တွဲဆင်နွှဲနိုင်စေကြောင်း ဆုမွန်ကောင်းများပို့သပါသည်။

သားသမီးမြေး၊ မြစ်များ။

ကျေးဇူးဆပ်ပါမည် ကျွန်မအေးနန္ဒာလွင်၏ P.P စာအုပ် No-A071360 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၅၀၀၉၀၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ပါရဂူဘွဲ့သင်တန်းသား/သူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အောက်ပါအင်ဂျင်နီယာ ပါရဂူဘွဲ့သင်တန်းများနှင့် အသုံးချသိပ္ပံပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်-

အင်ဂျင်နီယာပါရဂူဘွဲ့သင်တန်းများ

(၁) မြို့ပြအင်ဂျင်နီယာ (Structural Engg:/ Water Resources Engg:/Environmental Engg:)
(၂) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(၃) အီလက်ထရွန်နစ်အင်ဂျင်နီယာ (Mechatronics/ Information Technology နှင့် M.E ဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်သည်)
(၄) စက်မှုအင်ဂျင်နီယာ
(၅) ဓာတုအင်ဂျင်နီယာ
(၆) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(၇) ဗိသုကာ

အသုံးချသိပ္ပံပါရဂူဘွဲ့သင်တန်းများ

(၁) အင်ဂျင်နီယာရူပဗေဒ
(၂) အင်ဂျင်နီယာဓာတုဗေဒ
(၃) အင်ဂျင်နီယာသင်္ချာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး၊ ပါရဂူဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြု(၂)နှစ် စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်သည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့သုတေသနဆက်လုပ်ခွင့်ပြုမည်ဖြစ်သည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပါရဂူဘွဲ့အင်ဂျင်နီယာ သင်တန်းသားများအတွက် မဟာအင်ဂျင်နီယာဘွဲ့ M.E (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ အသုံးချသိပ္ပံပါရဂူဘွဲ့သင်တန်းသားများအတွက် M.S (သို့မဟုတ်) M.Sc(သို့မဟုတ်) အသိ အမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။ ဖော်ပြပါ သင်တန်းများအတွက် သင်တန်းစတင်ဖွင့်လှစ်မည့် ၁-၇-၂၀၀၈ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။ အသက်ကန့်သတ်ချက်အတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တင်ပြရမည်။
(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(ဃ) Ph.D. သင်တန်းတက်ရောက်မည့် ကျောင်းသား/သူသည် ကျန်းမာရေးကောင်းမွန်ကြောင်းသက်ဆိုင်ရာ မြို့နယ်အဆင့်ဆေးရုံမှ ဆရာဝန်၏ ထောက်ခံချက်လက်မှတ်တင်ပြနိုင်ရမည်။

၄။ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာအတွက် သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်းထောက်ခံစာများ ယူဆောင်လာရမည်။

၅။ လျှောက်ထားသူများကို အောက်ပါအတိုင်း ဝင်ခွင့်စာမေးပွဲစစ်ဆေးမည်ဖြစ်သည်-

ရေးဖြေစာမေးပွဲ

နေ့ရက်	ဘာသာရပ်	အချိန်	နေရာ
၉-၆-၂၀၀၈	(က) အင်္ဂလိပ်စာ	(၉း၀၀)နာရီမှ (၁၂း၀၀)နာရီ	ရန်ကုန်နည်းပညာတက္ကသိုလ်
(တနင်္လာနေ့)	(ခ) သက်ဆိုင်ရာဘာသာရပ်	(၁၃း၀၀)နာရီမှ (၁၆း၀၀)နာရီ	ရန်ကုန်နည်းပညာတက္ကသိုလ်

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား (၂၃-၆-၂၀၀၈)ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်သည်။

၇။ ပါရဂူဘွဲ့အကြိုသင်တန်းများကို (၁-၇-၂၀၀၈)ရက် (အင်္ဂါနေ့) တွင်စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

၈။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် (၃၀-၅-၂၀၀၈)ရက် (သောကြာနေ့)ညနေ (၄း၃၀)နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၉။ အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၆၄၂၄၁၃၊၀၁-၆၅၁၇၂၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မြန်အောင်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘုရင့်နောင် ၃ လမ်းနေ
ဦးတင်ဝင်း(M.O.G.E)-ဒေါ်ခင်မာသန်း တို့၏သားကြီး

မောင်ဘိုဘိုမင်း B.A (Myanmar)

A.Y.N & P.P.O Company (မန္တလေးရုံးခွဲ)

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရွှေအင်ကြင်းရိပ်မွန်၊ အမှတ် U-2 နေ
Capt:ဦးကျော်တင့်(Chahaya Shipping & Trading Co. S'pore)-ဒေါ်လှကြည် တို့၏သမီး

မမေသင်းဖြူ B.A(Eco:), Dip: in I.C.T

တို့၏ ၁၅-၅-၂၀၀၈ရက်တွင် မင်းကွန်းတိပိဋကရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပသော ထိမ်းမြားမင်္ဂလာပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော ဦးလှအောင် (M.D, Pacific Cargo Services/Hla Marnine Services)နှင့်ဇနီး ဒေါက်တာစန္ဒာကောင်းမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော Capt:ဦးစောဝင်းသန့်(Technical Consullant, Lizstar Shipmanagement Co.)နှင့်ဇနီး ဒေါ်စဝ်ညွန့်ကြည် တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မမွန်သိမ့်ဂျူး၊ မင်္ဂလာပန်းနှင့် မင်္ဂလာ လက်စွပ်ဗန်းကိုင်ဆောင်သူ မမိုးသီဂီမြင့်အောင်၊ သတို့သားအရံ မောင်အောင်ဆန်းလင်း၊ သတို့ သမီးအရံ မအိပိုပိုဇံတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ဒေါ်နှင်းရည်သန့်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖက်ရှင်ကိုကို၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယို စိုင်းဘုန်းထူးအဖွဲ့၊ တိပိဋကကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၅-၅-၂၀၀၈ရက် ညပိုင်းတွင် Western Park Restaurant ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဘိုဘိုမင်း-မမေသင်းဖြူ။

သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ထက်ကိုကို ၁၂/ဒဂရ(နိုင်) ၀၁၃၀၁၃သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ (၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးအေးအောင်
၁၂/ဥကတ(နိုင်) ၀၂၇၃၂၄
ဒေါ်မာမာအေး
၁၂/ဥကတ(နိုင်)၀၅၈၇၉၈။

ကလေးငယ်များအတွက် နို့မှုန့်များလှူဒါန်း

ရန်ကုန် မေ ၁၆

အမှတ်(၁)တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ ဆေးရုံတက်ရောက်လျက်ရှိသော ကလေးငယ်များအတွက် ရန်ကုန်မြို့ ပြည်လမ်းရှိ Mo Asia Co.,Ltd. (Dumex)မှ ဒေါက်တာဗျူတီကြည်နှင့်အဖွဲ့က ငွေကျပ် ၅၀၀၀၀၀တန်ဖိုးရှိ နို့မှုန့်များကို ယမန်နေ့တွင် အမှတ်(၁)တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)သို့ လာရောက်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာတော်နွယ်ဖွား ဘွဲ့တံဆိပ်တော်ရ ဆရာတော်အားပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၆

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် အရာတော်နွယ်ဖွား မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ရှိ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဝိမလ အား စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဘောင်းကျကျေးရွာမှ တပည့်ဒါယကာ ဒါယိကာမများက စုပေါင်း၍ ချီးကျူးပူဇော်ပွဲအခမ်းအနားကို မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျေးရွာရှိ မင်္ဂလာမုန်ကျောင်းတိုက်သစ်၌ကျင်းပရာ အရာတော်နွယ်ဖွား ဘွဲ့တံဆိပ်တော်ရ ဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ပူဇော်ပွဲနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် ပင့်သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

(က-ပ)

အမြန်ပြန်လာပါ

သားမောင်စည်သူအောင် ၁၂/မဂတ(နိုင်)၀၈၂၄၄၉ အမြန်ပြန်လာပါ။ သားစိတ်တိုင်းကျဖြစ်စေရပါမည်။ အပါနဲ့အမေအပေါ် သားနားလည်ပေးပါ။ သားစိတ်ချမ်းသာစေရမည်။ ဖြားယောင်းသွေးဆောင်သူများအား ထိရောက်စွာ အရေးယူမည်။ သတင်းပေးသူအား ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါမည်။

အပါနှင့်အမေ
ဖုန်း-၃၇၂၆၃၇။

MICO Garment ၏ အထူးလျှော့ဈေး အစီအစဉ်

အများပြည်သူများဈေးနှုန်းသက်သာစွာ ဝတ်ဆင်နိုင်ရန်နှင့် လှူဒါန်းနိုင်ရန် မီကိုအထည်ချုပ်လုပ်ငန်းမှ T-Shirt တစ်ထည် ကျပ်၆၀၀နှုန်းဖြင့် ရောင်းချပေးနေပါပြီ။

ဆက်သွယ်ရန်-

အမှတ် ၁၉၁၊ စက်မှု ၅ လမ်း၊ မေတ္တာညွန့်၊
တာမွေ၊ ရန်ကုန်၊
ဖုန်း-၉၅၁-၇၂၀၅၂၆၊ ၅၅၄၂၂၉၊
၀၉-၅၁၄-၁၀၈၆၊ ၀၉-၉၉-၇၄၂၀၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်နန်းဝင်း၏ PP-934844 သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀-၅၂၀၄၄။



အနောက်ဗာဂျီးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲ ဟီလာရီ ၆၆ရာခိုင်နှုန်း၊ အိုဘားမား ၂၇ရာခိုင်နှုန်းထောက်ခံမှုရရှိ

ဝါရှင်တန် မေ ၁၆

အနောက်ဗာဂျီးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် အိုဘားမားကို အနိုင်ယူအောင်ပွဲခံလိုက်သည့် ဟီလာရီကလင်တန်က အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရေးအတွက် သူတို့နှစ်ဦး၏ အကြိတ်အနယ် မဲဆွယ်ယှဉ်ပြိုင်မှုမှာ မပြီးဆုံးသေးကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

ဤပြည်နယ် အကြိုရွေးကောက်ပွဲတွင် ဟီလာရီကလင်တန်က ၆၆ ရာခိုင်နှုန်း၊ အိုဘားမားက ၂၇ရာခိုင်နှုန်းနှင့် လွန်ခဲ့သည့် သုံးလေးလကတည်းက ယှဉ်ပြိုင်မှုမှ နုတ်ထွက်သွားသူ ဂျွန်အက်ဒွပ်မှာလည်း အမည်ပါနေသေးသည့်အတွက် ၇ရာခိုင်နှုန်း ထောက်ခံမဲ အသီးသီး ရရှိသည်။

ထည့်သွင်းပြောကြား

ဟီလာရီကလင်တန်(**ယာပုံ**)က သူ့အနေဖြင့် ပါတီကိုယ်စားပြု သမ္မတလောင်းယှဉ်ပြိုင်ပွဲမှ ထွက်သွားရန် ရည်ရွယ်ချက်မရှိကြောင်း မဲဆန္ဒရှင်များအား ပြောကြားလိုက်သည်။ ဤတိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားရန်လည်း ပိုမိုခိုင်မာစွာ သန္နိဋ္ဌာန်ချထားကြောင်း ထည့်သွင်းပြောကြားသည်။

ပြိုင်ဘက်အိုဘားမားမှာ ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် သတ်မှတ်ခံရန်အတွက် လောလောဆယ်တွင် ဟီလာရီကလင်တန်ထက် ညီလာခံကိုယ်စားလှယ်ဦးရေ ပိုများသည်။ ဤပြည်နယ်အတွင်း ရောက်ရှိနေသည့် အိုဘားမားက စက်ရုံတစ်ရုံ၌ မဲဆွယ်စည်းရုံးရာတွင် အနောက်ဗာဂျီးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲကို ထည့်မပြောဘဲ ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းကိုသာ ဝေဖန်ထောက်ပြ ပြောကြားလျက်ရှိသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ကိုက်မြို့၌ တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်၌တိုက်ခတ်ခဲ့သောလေဆင်နှာမောင်း သေဆုံးသူ အနည်းဆုံး ၂၂ ဦးရှိ

ဝါရှင်တန် မေ ၁၆

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်း၌ မေ ၁၁ ရက် နံနက်ပိုင်းက တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် အနည်းဆုံး ၂၂ ဦး သေဆုံးသွားကြောင်း စီအင်န်အင်န် သတင်းဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

ယင်းလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကိုက်မြို့တွင် မြို့လုံးကျွတ်နီးပါး နေအိမ်များ ပျက်စီးခဲ့ကြောင်း အရေးပေါ် စီမံခန့်ခွဲရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက စီအင်န်အင်န် သတင်းဌာနသို့ ပြောကြားသည်။

ပြောကြား

အဆိုပါလေဆင်နှာမောင်းသည် အိုကလာဟိုးမား၊ မစ်ဆောရီနှင့် ဂျော်ဂျီယာပြည်နယ်များသို့ ဖြတ်သန်းတိုက်ခတ်သည်။ သမ္မတဂျော့ဒဗလျူဘုရှ်သည် မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူများ၏ မိသားစုများထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ ထို့အပြင် ၄င်းအနေဖြင့် မုန်တိုင်းဒဏ်ခံစားရသည့် ပြည်သူများအတွက် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ရှာဖွေ

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လေဆင်နှာမောင်းဒဏ်ခံရသော ဒေသများသို့ သွားရောက်ကာ အပျက်အစီးများအောက်မှ အသက်ရှင်ကျန်ရစ်နေသူများအား ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နွယ်သာလန်ရှိ ဒတ်ချ်နည်းပညာတက္ကသိုလ် မီးလောင်မှုဖြစ်ပွား

အမ္မစတာဒမ် မေ ၁၆

နယ်သာလန်နိုင်ငံ အနောက်အလယ်ပိုင်းရှိ ဒတ်ချ် နည်းပညာ တက္ကသိုလ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဒတ်ချ်နိုင်ငံမှ အစိုးရအရာရှိများက ပြောကြားသည်။

အဆိုပါ တက္ကသိုလ်၏ ရှစ်ထပ်မြောက်အခန်းတွင် မီးလောင်မှုဖြစ်ပွားပြီး လျှပ်စစ်ဝိုင်ယာကြိုးများ မှတစ်ဆင့် မီးလောင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နဝရှရစ်ဖ်၏ပါတီဝန်ကြီးကိုးဦး ပါကစ္စတန်ညွန့်ပေါင်းအစိုးရအဖွဲ့မှ နုတ်ထွက်

အစ္စလမ္မာဘတ် မေ ၁၆

ပါကစ္စတန်ညွန့်ပေါင်းအစိုးရသစ်မှ ထိပ်တန်းပါတီတစ်ခု၏ ပါတီဝင် ဝန်ကြီးကိုးဦးတို့ နုတ်ထွက်စာတင်လိုက်ကြပြီ ဖြစ်သည်။

ဆုံးဖြတ်

သမ္မတမူရှာရက်ဖ်၏ရာထူးဖယ်ရှားမှုခံရသူ တရားသူကြီးများအား ရာထူး ပြန်ခန့်ပေးပါမည်ဟူသော ကတိအတိုင်း ဆောင်ရွက်မပေးနိုင်သည့်အတွက် ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်က သူ့ပါတီဝင် ဝန်ကြီးများကို အစိုးရအဖွဲ့မှ ထွက်ခိုင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

နုတ်ထွက်

သူတို့၏နုတ်ထွက်မှုကို ဝန်ကြီးချုပ်က လက်ခံအတည်မပြုရသေးဟု သိရသည်။ မည်သို့ဖြစ်စေ ပါကစ္စတန်နိုင်ငံ၌ ဖေဖော်ဝါရီလက ပြုလုပ်သည့် သမိုင်းဝင်ရွေးကောက်ပွဲအပြီးတွင် အစိုးရအဖွဲ့မှဝန်ကြီးများ အစုအပြုံအလိုက် နုတ်ထွက်ခြင်း ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သမိုင်းလမ်းကြောင်း ပြောင်းခဲ့ရသည့် ဒိန်းမတ်နိုင်ငံ

သတင်းအက်ဆေး

ဒိန်းမတ်ဘုရင့်နိုင်ငံသည် မြောက်ဥရောပဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် အရွယ်အစားအားဖြင့် သေးငယ်သော်လည်း မကြာခဏဆိုသလို အင်အားကြီး နိုင်ငံတို့နှင့် အကဲစမ်းသည်။

ပင်လယ်ဓားပြများက ဒိန်းမတ်နှင့်တကွ အခြားသော နော်ဒစ်နိုင်ငံများကို ဝင်မွှေမှုကြောင့် ၉ ရာစု၊ ၁၀ ရာစု ဥရောပသမိုင်းကို လမ်းကြောင်းပြောင်းခဲ့ရသည်။ အလယ်ခေတ်တွင် ဒိန်းမတ်နိုင်ငံ၏ ဦးဆောင်မှုအောက်တွင် စကင်ဒီနေးဗီးယားနိုင်ငံအားလုံး တစုတစည်းတည်းရှိခဲ့သည်။

ကျော်ကြား

မကြာမီကာလများအတွင်းတွင် ဒိန်းမတ်ဘုရင့်နိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)နှင့် ဆက်ဆံရေး မကြာခဏ အဖုအထစ်များကြုံရသည်။ တစ်ချိန်တည်းမှာပင် ခေတ်မီ စီးပွားရေးနှင့် ကြီးမားသော လူမှုဖူလုံရေးစနစ်တို့ကြောင့် လူသိထင်ရှား ကျော်ကြားလှသည်။

လက်ခံ

၁၀ ရာစုတွင် ဒိန်းမတ်ဘုရင့်နိုင်ငံသည် စုစည်းခိုင်မာသည်။ ခရစ်ယာန်ဘာသာကို သွတ်သွင်း လက်ခံသည်။ ၁၃၉၇ခုနှစ်တွင် ဒိန်းမတ်၊ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့သည် ဒိန်းမတ် ဘုရင်လက်အောက်တွင် စုစုစည်းစည်းရှိသည်။ ၁၇၂၉ခုနှစ်တွင် ဂရင်းလန်သည် ဒိန်းမတ်ပြည်နယ် ဖြစ်လာသည်။

လက်မှတ်ထိုး

၁၈၄၉ခုနှစ်တွင် ဒိန်းမတ်သည် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးပြီး အထက်နှင့် အောက်လွှတ်တော်နှစ်ရပ် ရှိသည်။ ၁၉၁၄-၁၈ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီးဖြစ်သောအခါ ဒိန်းမတ်နိုင်ငံကကြားနေသည်။ ၁၉၃၉ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံက နာဇီဂျာမနီနှင့် ၁၀ နှစ်ကြာ မကျူးကျော်ရေး စာချုပ်လက်မှတ်ရေးထိုးလိုက်သည်။ ၁၉၄၀ ပြည့်နှစ်တွင် နာဇီတို့ဒိန်းမတ်ကို ကျူးကျော်သော်လည်း ၁၉၄၅ခုနှစ် ဂျာမန်နာဇီတို့ လက်နက်ချသောအခါ ကျူးကျော်သိမ်းပိုက်မှုလည်း အဆုံးသတ်သွားသည်။ ထိုနှစ်တွင် အိုက်စလန်၏ လွတ်လပ်ရေးကို ဒိန်းမတ်က အသိအမှတ်ပြုသည်။

၁၉၄၉ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံက မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)သို့ဝင်သည်။ ၁၉၅၂ ခုနှစ်တွင် ဒိန်းမတ်သည် နော်ဒစ်ကောင်စီ၏ မူလအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ၁၉၅၃ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြုပြင်ကာ အထက်၊ အောက်လွှတ်တော်မထားဘဲ တစ်ခုတည်းသော ပါလီမန်ကိုသာထားရှိသည်။ ၁၉၅၉ ခုနှစ်တွင် ဒိန်းမတ်သည် ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့သို့ဝင်သည်။

ဆက်ခံ

၁၉၇၂ ခုနှစ်တွင် ဘုရင်ဖရက်ဒရစ် ကွယ်လွန်သွားသဖြင့် သမီးတော် ဒုတိယမြောက်မာဂရက်က ဒိန်းမတ်ထီးနန်းကို ဆက်ခံသည်။ ၁၉၇၃ ခုနှစ်တွင် ဒိန်းမတ်သည် အီးအီးစီသို့ဝင်သည်။

အနိုင်ရ

၂၀၀၁ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဖော့ရပ် မတ်ဆင် ဦးဆောင်သည့် လက်ယာညွန့်ပေါင်းအစိုးရ အာဏာရလာသည်။ လေဘာပါတီခေါင်းဆောင် ဖော့ရပ်မတ်ဆင်သည် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီနှင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲများ၌လည်း ဆက်လက် အနိုင်ရသည်။

ယင်းသို့ပြည်သူ့ထောက်ခံမှု ရရှိခြင်းမှာ စီးပွားရေးခိုင်မာတောင့်တင်းအောင် အစိုးရက စွမ်းဆောင်ပေးနိုင်မှုနှင့်တကွ စက်မှုထွန်းကားသည့် နိုင်ငံ အများအပြားကပင် အားကျစရာ ဖြစ်လောက်အောင် အလုပ်လက်မဲ့ ဦးရေနည်းပါးခြင်းတို့ကြောင့် ဖြစ်သည်။

ကျော်ကြား

ဒိန်းမတ်ဘုရင့်နိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းမှာလည်း ၁၉၉၀ပြည့်လွန်နှစ်များမှ ယနေ့ကာလအထိ အံ့မခန်းတိုးတက်လာခြင်းကိုလည်း နိုင်ငံတကာက အသိအမှတ်မပြုမဖြစ်အောင် ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက် **တိုး-ရေးသားသည်**

၁၀ ရာစုတွင် ဒိန်းမတ်ဘုရင့်နိုင်ငံသည် စုစည်းခိုင်မာ၊ ခရစ်ယာန် ဘာသာကို သွတ်သွင်း လက်ခံ၊ ၁၃၉၇ ခုနှစ်တွင် ဒိန်းမတ်၊ ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့သည် ဒိန်းမတ်ဘုရင်လက်အောက်တွင် စုစုစည်းစည်းရှိ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၇-၂၀၀၈ ပရီမီယာလိဂ်၏ အကောင်းဆုံးပြည်ပဘောလုံးသမားငါးဦး

လန်ဒန် မေ ၁၆

၂၀၀၇-၂၀၀၈ ပရီမီယာလိဂ်ဘောလုံးရာသီ ကန့်လန့်ကာချခဲ့ပြီ ဖြစ်ပါတယ်။ ကုန်ဆုံးခဲ့တဲ့ ပရီမီယာလိဂ်ဘောလုံးလောကကို ပြန်ပြီးငဲ့စောင်းကြည့်လိုက်တဲ့အခါ ပရီမီယာလိဂ်မှာ လာရောက်ခြေချကစားနေတဲ့ ပြည်ပဘောလုံးသမားတွေထဲမှာ ခြေစွမ်းအပြနိုင်ဆုံး ဘောလုံးသမား ၁၀ဦးကို The Sun က ဖော်ပြခဲ့ပါတယ်။



စီရိုနယ်ဒို

ပေါ်တူဂီနဲ့ မန်ယူ တောင်ပံကစား သမား စီရိုနယ်ဒို။

စီရိုနယ်ဒို(မန်ယူ)

ပေါ်တူဂီနဲ့ မန်ယူတောင်ပံကစားသမားစီရိုနယ်ဒိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ မန်ယူအသင်းအတွက် ဂိုးပေါင်း ၃၁ဂိုး သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ ကစားသမားဖြစ်သလို ဆုကြေးစားဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်တဲ့ ပရီမီယာလိဂ် တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့သူ ဖြစ်ပါတယ်။ မန်ယူအသင်း ပရီမီယာလိဂ်ဖလားဆက်တိုက်ရရှိအောင် အဓိက စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သလို မန်ယူအသင်းကို ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိရောက်အောင် လက်ရှိအချိန်အထိရှစ်ဂိုးသွင်းပြီး ဆောင်ကြဉ်းပေးနိုင်ခဲ့သူဖြစ်လို့ ဒီနှစ်ပရီမီယာလိဂ်မှာ ခြေစွမ်းအပြနိုင်ဆုံး ပြည်ပကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဖာဘရီဂတ်စ်(အာဆင်နယ်)

ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာ ဒုတိယမြောက် ခြေစွမ်းအပြနိုင်ဆုံး ပြည်ပကစားသမား တစ်ဦးက စပိန်နဲ့ အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ဖြစ်ပါတယ်။ အသက် ၂၀သာ ရှိသေးတဲ့ ဖာဘရီဂတ်စ်ဟာ အာဆင်နယ်ရဲ့ကွင်းလယ်မှာ အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်အောင် ခြေစွမ်းပြနိုင်ခဲ့သူဖြစ်ပြီး ကိုယ်တိုင်လည်း ရှစ်ဂိုးအထိ သွင်းယူပေးခဲ့ပါတယ်။ အာဆင်နယ်အသင်း

အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်။

ရဲ့ အရေးကြီးတဲ့ ပွဲစဉ်တိုင်းမှာ တိုက်စစ်မှူးတွေ ဂိုးသွင်းခွင့်ရအောင် ဖန်တီးပေးနိုင်ခဲ့သူဖြစ်သလို ပွဲတိုင်းလည်း ခြေပေါ်အောင်ကစားနိုင်ခဲ့တဲ့ ထူးချွန်တဲ့ ကွင်းလယ်ကစားသမားဖြစ်လို့ ဆုကြေးစား ဘောလုံးအဖွဲ့ချုပ်က တစ်နှစ်တာ အကောင်းဆုံး လူငယ်ကစားသမား ဆုချီးမြှင့်ခံရသူ တစ်ဦး ဖြစ်ပါတယ်။

အက်စီယံ(ချယ်လ်ဆီး)

ပြီးခဲ့တဲ့ပရီမီယာလိဂ်မှာ တတိယမြောက် ခြေစွမ်းအပြနိုင်ဆုံး ပြည်ပဘောလုံးသမားတစ်ဦးကတော့ ဂါနာနဲ့ ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်စီယံပါပဲ။ လိုင်ယွန်အသင်းက ပေါင်၂၄သန်းနဲ့ခေါ်ယူခဲ့တဲ့ အက်စီယံကိုပေးရတဲ့ ငွေကြေးပမာဏထက် ပိုမိုအကျိုးပြုတဲ့ကစားသမားလို့ အာစင်ဝင်းဂါး မှတ်ချက်ပြုခဲ့ရတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်း ကွင်းလယ်မှာရော ရှေ့တန်းနောက်တန်းတွေမှာပါ ပွဲချိန်ပြည့်မနားတမ်း လိုက်ပါကစားနိုင်တဲ့ ထူးထူးခြားခြား ဘောလုံးသမားဖြစ်တဲ့အပြင် ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲတွေမှာ အက်စီယံပါဝင်ကစားတဲ့ ပွဲတိုင်းနီးပါး ချယ်လ်ဆီးတို့ ကစားကွက် အသာစီးနဲ့ နိုင်ပွဲရယူနိုင်ခဲ့တာမို့ တတိယမြောက်

ချယ်လ်ဆီး ကွင်းလယ်ကစားသမား အက်စီယံ။

ခြေစွမ်းအပြနိုင်ဆုံး ပြည်ပကစားသမားအဖြစ် သတ်မှတ်ခံရခြင်းဖြစ်ပါတယ်။

ဒရော့ဘာ(ချယ်လ်ဆီး)

အိုင်ဗရီကို့စ်နဲ့ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာကတော့ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ရာသီမှာ စတုတ္ထမြောက် ခြေစွမ်းအပြနိုင်ဆုံး ဘောလုံးသမားအဖြစ်သတ်မှတ်ခံခဲ့ရပါတယ်။ ဒရော့ဘာဟာ တိုက်စစ်မြားဦးအဖြစ် ကစားတဲ့ ပွဲတိုင်းမှာ တစ်ဖက်အသင်းနောက်တန်း

ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ။

ကို ရှုပ်ရှုပ်ချွံချွံ ထိုးဖောက်ကစားပြီး ဂိုးရအောင်သွင်းယူခဲ့တာမို့ ချယ်လ်ဆီးအသင်းနိုင်ပွဲတွေ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒီနှစ်မှာ ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဖလားကို ရယူဖို့ လက်တစ်ကမ်းအလိုရောက်အောင် ကြိုးစားပေးခဲ့သလို ချန်ပီယံလိဂ်ဖလားနောက်ဆုံး ဗိုလ်လုပွဲအထိရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့အတွက် ဒရော့ဘာဟာ ပရီမီယာလိဂ်မှာတော့ ခြေစွမ်း ပြနိုင်ခဲ့တဲ့ ကစားသမားတွေထဲမှာ စတုတ္ထချိတ်နိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။

ဘာဘာတော့ဗ်(စပါး)

ဘူလ်ဂေးရီးယားနဲ့ စပါး တိုက်စစ်မှူး ဘာဘာတော့ဗ်ကတော့ ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာ ခြေစွမ်းပြနိုင်ခဲ့တဲ့ ပြည်ပ ဘောလုံးသမားတွေထဲမှာ ပဉ္စမ ချိတ်နိုင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပရီမီယာ လိဂ်မှာ ဘာဘာတော့ဗ်ဟာ စပါးအတွက် ၁၄ ဂိုးသွင်းပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးပါပဲ။ အင်အားပြည့် ထိုးဖောက်ကစားမှုနဲ့ ဂိုးသွင်း သေချာမှုတွေမှာတော့ ဘာဘာတော့ဗ်က အားထားရတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ စပါးအတွက် အကောင်းဆုံး ကြိုးစားပေးတဲ့ ကစားသမားတွေထဲမှာ ဘာဘာတော့ဗ်က ထိပ်ဆုံးမှာရှိနေပါတယ်။ ။

စပါး တိုက်စစ်မှူး ဘာဘာတော့ဗ်။

မောင်မောင်မြင့်ဆွေ ရေးသားသည်

ကင်ညာအပြေးသမားများ အိုလံပစ်အတွက် အပြင်းအထန်လေ့ကျင့်

နိုင်ရိုဘီ မေ ၁၆

လာမည့် ဩဂုတ်လတွင် ကျင်းပမည့် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ကင်ညာပြေးခုန်ပစ်အဖွဲ့ချုပ်က ၎င်းနိုင်ငံ၏ ကစားသမားများအား ပြင်းပြင်းထန်ထန် လေ့ကျင့်ထားကြရေး ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

ကြေညာ

ပေကျင်းအိုလံပစ်တွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်ရေး နည်းလမ်းတစ်ရပ်မှာ လေ့ကျင့်မှုများများ ပြုလုပ်ရန်

ကင်ညာအပြေးသမားများ အပြေးလေ့ကျင့် နေကြစဉ်။

(အင်တာနက် ဓာတ်ပုံ)

လိုကြောင်း၊ လေ့ကျင့်မှုကို မဟာဗျူဟာ တစ်ရပ်အဖြစ် ချမှတ်လျက် လေ့ကျင့်သွားရမည်ဖြစ်ကြောင်း ကင်ညာပြေးခုန်ပစ်အဖွဲ့ချုပ်က ကြေညာသည်။

ကင်ညာအပြေးသမားများ အားလုံးကို စနစ်တကျ ပြင်းပြင်းထန်ထန် လေ့ကျင့်သွားရန်လိုကြောင်းဖြင့်လည်း ၎င်းအဖွဲ့က ပြောကြားသည်။

ရွေးချယ်ထားသော ကစားသမားများအား မေ၂၀ရက်မှစပြီး စခန်းသွင်းလေ့ကျင့်သွားရန်လိုကြောင်း ကင်ညာပြေးခုန်ပစ်အဖွဲ့က ပြောကြားသည်။

ကင်ညာ အပြေးသမားများသည် ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲတွင် မီတာ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်လိမ့်မည် ဖြစ်ကြောင်း ကင်ညာပြေးခုန်ပစ်အဖွဲ့ချုပ်က ပြောကြားသည်။ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသော ပြေးခုန်ပစ် ကစားသမားတစ်ဦးချင်းစီအား ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၃၃၀၀၀ ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ယူရို ၂၀၀၈ ပြိုင်ပွဲ ဆွီဒင်အသင်း၌ လာဆင် ပြန်လည်ပါဝင်ကစားမည်

ဆဲလ်တစ် မေ ၁၆

ဟယ်စင်ဘော့အသင်း၌ ကစားနေသော ဆဲလ်တစ်၊ ဘာစီလိုနာနှင့် မန်ယူတိုက်စစ်မှူးဟောင်း လာဆင်သည် ယူရို ၂၀၀၈ပြိုင်ပွဲတွင် ဆွီဒင်အသင်းအတွက် တစ်ကျော့ပြန် နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားအဖြစ် ပါဝင်ကစားဦးမည်ဖြစ်သည်။

အသက် ၃၆နှစ် ရှိပြီဖြစ်သော တိုက်စစ်မှူးလာဆင်သည် ၂၀၀၂ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့တွင် နိုင်ငံလက်ရွေးစင် ဘောလုံးသမားအဖြစ်မှ အနားယူရန် ကြေညာထားခဲ့သူဖြစ်သည်။

ပြောကြား

မိမိသည် နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားအဖြစ်မှ အနားယူရန် ကြေညာထားသော်လည်း ကောင်းမွန်စွာ ကစားနိုင်သည့် ခြေစွမ်းရှိနေဆဲဖြစ်၍ ဆွီဒင်အသင်းအတွက် ကစားပေးရန် အသင့်ရှိကြောင်း နည်းပြလပ်ဘတ်က ကစားသမားစာရင်းကို ကြေညာပြီးနောက် တိုက်စစ်မှူးလာဆင်က ပြောကြားသည်။

တိုက်စစ်မှူး လာဆင်။

လာဆင်သည် ၂၀၀၆ကမ္ဘာ့ဖလား အပြီး နိုင်ငံ့လက်ရွေးစင် အဖြစ်မှ အနားယူရန် ကြေညာခဲ့သည်။ ၎င်းသည် ယူရို ၂၀၀၈ ခြေစစ်ပွဲများတွင် ပါဝင် ကစားခဲ့ခြင်း မရှိသော်လည်း ယခုနှစ် ဆွီဒင်လိဂ်ဘောလုံးရာသီ၌ ဟယ်စင်ဘော့အသင်းအတွက် ၁၁ပွဲ ပါဝင်ကစားပြီးခြောက်ဂိုးသွင်းယူနိုင်မှုကြောင့် ဆွီဒင်အသင်းက ပြန်လည် ခေါ်ယူခဲ့သည်။

ယှဉ်ပြိုင်

ယူရို၂၀၀၈ပြိုင်ပွဲများကို ဩစတြေးလျနှင့် ဆွစ်ဇာလန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ဇွန် ၇ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဆွီဒင်အသင်းသည် အုပ်စု(ဃ)တွင် ပါဝင်ရာ စပိန်၊ ဂရိနှင့်ရုရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပါဝင်

ဆွီဒင်အသင်းတွင် တိုက်စစ်မှူး လာဆင်နှင့်အတူ အခြားတိုက်စစ်မှူးများဖြစ်ကြသည့် အင်တာမီလန်မှ အီဘရာဟင်မိုဗစ်ချ်၊ တူးလောက်အသင်းမှ ဂျိုဟန်အယ်မန်ဒါ၊ ကိုပေဟေဂင်အသင်းမှ အောဘက်နှင့် ဝါဒါဘရီမင်အသင်းမှ မားကွတ်စ်တို့လည်း ပါဝင်မည်ဖြစ်သည်။ ။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

အင်တာနက်သတင်းအတိုအထွာ

- ❑ အေစီမီလန်အသင်း နည်းပြ ကားလို့အန်ဆယ်လော့တီသည် မန်စီးတီးအသင်း သို့မဟုတ် အီတလီလက်ရွေးစင်အသင်းသို့ ပြောင်းရွှေ့ နည်းပြလုပ်မည်ဟု အီတလီသတင်းစာများက ဖော်ပြခဲ့သော်လည်း ယင်းသတင်းမဟုတ်ကြောင်း ၎င်းက ငြင်းဆိုခဲ့သည်။
- ■ **စပါးနည်းပြ ဂျူအန်ဒီရာမို့စ်သည် ယခု နွေရာသီတွင် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။**
- ❑ အက်စတွန်ဗီလာနည်းပြ မာတင်အိုနေးလ်နှင့် အသင်းပိုင်ရှင်ရန်ဒီလာနာတို့သည်ကစားသမား ဂရက်ဘာရီ၏ အနာဂတ်နှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။
- ■ **ဘာစီလိုနာ ကွင်းလယ်ကစားသမား တိုရေးကို နည်းပြ အာစင်ဝင်းဂါးက ခေါ်ယူလိုသကဲ့သို့ တိုရေးကလည်း ၎င်း၏အစ်ကို ကိုလိုတိုရေးကစားနေသည့် ပရီမီယာလိဂ်မှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ရင်ဖွင့်သည်။**
- ❑ မန်စီးတီးနည်းပြအဲရစ်ဆင်က ဘင်ဖီကာအသင်း နည်းပြအသစ်ရာထူးကို ငြင်းပယ်ခဲ့သည်ဟု ပေါ်တူဂီမီဒီယာများက ဖော်ပြသည်။
- ■ **အာဆင်နယ်အသင်းက သူ့အားခေါ်ယူရန် ဆက်သွယ်ခဲ့ကြောင်း လီမန်းစ်တိုက်စစ်မှူး ဂါဗင်ဟိုက ပြောကြားသည်။**
- ❑ မန်ယူအသင်းသည် ၎င်းတို့ခေါ်ယူစာချုပ်လိုသော ပေါင် ၁၀သန်းတန် ဝီဂန် တောင်ပံကစားသမား အန်တိုနီယိုဗလင်စီယာအား လီဗာပူးအသင်းက စိတ်မဝင်စားတော့ဟုကြေညာပြီးနောက် ၎င်းအားခေါ်ယူရေး အရှိန်မြှင့် ကြိုးပမ်းလျက်ရှိသည်။
- ■ **ရာဖေးလ်ဘင်နီတက်ဇ်သည် အက်စတွန်ဗီလာအသင်းမှ ဂရက်ဘာရီအားခေါ်ယူရန် အာရုံစိုက်လျက်ရှိသည်။**
- ❑ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုက မန်စီးတီးအသင်းတွင် နည်းပြမလုပ်လိုဟု ဆိုသည်။
- ■ **မန်ယူအသင်းမှခေါ်ယူရန် ပစ်မှတ်ထားနေသော ဒင်နီယယ်အဲလ်ဗက်စ်သည် ယခုနွေရာသီတွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ဖွင့်ဟလိုက်သည်။**

17-5 (16).pmd 1 5/17/2008, 2:59 AM

သီပေါမြို့၌ မျက်စိဝေဒနာရှင်များ အခမဲ့ စမ်းသပ်ခွဲစိတ်ကုသ

သီပေါ မေ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၏ မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းကို ဧပြီ ၂၉ရက်မှ မေ ၅ရက်အထိ အဆိုပါ သီတဂူစက္ခုဒါနဆေးရုံတော် တည်ရှိရာ သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးဝင်း၌ ကျင်းပသည်။ (အောက်ပုံ)

အဆိုပါ သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကို စစ်ကိုင်းသီတဂူ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ ကမကထပြု ဦးဆောင် လျက်၊ သီပေါမြို့နယ် သံဃနာယကအဖွဲ့၏ ဩဝါဒဖြင့် မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တ ပညာသီရိနှင့် စေတနာရှင်များစုပေါင်း ဆောက်လုပ်ခဲ့ပြီး ပထမအကြိမ် မတ် ၂၁ရက်မှ၂၇ရက်အထိ သမားတော်ကြီးများဖြင့် မျက်စိဝေဒနာရှင် ၆၃၅ဦး စမ်းသပ်ကာ ၁၅၃ဦးကို အောင်မြင်စွာ ခွဲစိတ် ကုသပေးနိုင်ခဲ့သည်။

ယခု ဒုတိယအကြိမ်အဖြစ် ၅၂၁ ဦးကို စမ်းသပ်ကုသပေးပြီး ၉၇ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်၍ လူမျိုးဘာသာမရွေး မျက်စိဝေဒနာရှင်များကို အခမဲ့ဆက်လက်လက်ခံ ကုသပေးသွားနိုင်ရေးအတွက် ဆေးကုသမှုစရိတ် မတည်အလှူငွေအဖြစ် လည်းကောင်း၊ လစဉ်လှူဒါန်းမှု အလှူငွေအဖြစ်လည်းကောင်း စေတနာရှင်များအနေဖြင့် သီတဂူစက္ခုဒါနဆေးရုံ ကြီးကြပ်မှုကော်မတီ သီပေါမြို့ ဖုန်း-၀၈၂-၈၀၄၉၁သို့ လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြို့နယ်စာပေစာနယ်ဇင်း)**

ဇီးကုန်း လယ်တွင်းရွာအလကာသို့ ကွန်ပျူတာနှင့် ငွေလှူဒါန်း

ဇီးကုန်း မေ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သာပေါင်း ကျေးရွာအုပ်စု လယ်တွင်းရွာ အလယ်တန်းကျောင်းတွင်ကျင်းပသော ကျောင်းဆောင်ပြုပြင် မွမ်းမံ ဆောက်လုပ်ရေး အလှူငွေနှင့် ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၉ နာရီက ယင်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း-ဒေါ်မြင့်မြင့်စိုးမိသားစုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြီး ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌဦးစန်းမြင့်ထံသို့ ကွန်ပျူတာတစ်စုံနှင့်အလှူငွေကိုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆ရပ်ကွက် မေတ္တာဝါဒီဟိတ (ပရဟိတ) ကျောင်းတိုက်ရှိ မိဘမဲ့ကလေးသူငယ်များအတွက် ဒေါက်တာဒေါ်ခင်သက်မော်အား ရည်စူး၍ မွေးနေ့အလှူရှင် ဒေါက်တာမြင့်ဝင်း (ခေတ္တ-လန်ဒန်)မှ အာဟာရအလှူငွေ ကျပ်သုံးသိန်းကို အလုံမြို့နယ်နေ ကိုအောင်က ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်-ဒေါ်ကြင်ထွေးနှင့် သားသမီးများ၊ မြေးမကြွေဝတ်မှုန်၊ မောင်ဟိန်းမင်းသန့်တို့က ဦးချစ်မြိုင်-ဒေါ်ကြင်ထွေးတို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုခန်းမတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဘိုးဘွားများအတွက် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖြူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် မိုးရာသီကာလအတွင်း ရေစီးရေလာ ကောင်းမွန်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ဈေးရောင်းဝယ်မှုပြုနိုင်ရေးအတွက် ဈေးအလယ်လမ်းမ ဝဲယာရေနုတ်မြောင်းဖော်ခြင်းလုပ်ငန်းကို မေ၉ရက်က ဦးစီးအရာရှိ ဦးအောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သားငါးများ ယင်လုံဆန်ခါဖြင့် ရောင်းချနေမှုများကို မတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် အဖွဲ့ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူစီမံကိန်းသီးနှံ တာဝန်ပေးအပ်

မလှိုင် မေ ၁၃

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးနှင့်ခြံစည်းရိုးကြက်ဆူစီမံကိန်းသီးနှံ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ၂၁ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသန်းက စီမံကိန်းသီးနှံ တာဝန်ပေးအပ်လွှာများကို တိုက်နယ်အလိုက် တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။ (၀၈၂)

ဝမ်းတွင်းမြို့နယ်၌ မိုးကြိုးထိမှန်သေဆုံး

မိတ္ထီလာ မေ ၁၃

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ဒိုင်ကောင်းကုန်း ကျေးရွာတွင် မေ၈ရက် ညနေ ၃နာရီခွဲခန့်က လူတစ်ဦးမိုးကြိုးထိမှန်သေဆုံးနေကြောင်း သတင်းအရ ရွှေတောင်ရဲစခန်းမှူး ရဲအုပ်အောင်နိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဒိုင်ကောင်းကုန်းကျေးရွာ အရှေ့ဘက်ကင်းတားဆည်လက်ဝဲတူးမြောင်း DY ၁နှင့်၂အကြား အင်းကုန်းကြီးကွင်းတွင် ဒိုင်ကောင်းကုန်းကျေးရွာနေ တောင်သူဦးကြည်မောင်၏ ဝါခင်း၌ ရေပိတ်ရန်သွားသော သိန်းမြင့်အသက်(၄၀)မှာ ဝမ်းဗိုက်နှင့်ရင်ဘတ်တွင် မိုးကြိုးပစ်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စခန်းမှူးရဲအုပ်အောင်နိုင်က အလောင်းအား မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီးဆေးစာဖြင့် ဝမ်းတွင်းဆေးရုံကြီးတွင် တင်ပို့ထားလိုက်သည်။ မိုးကြိုးပစ်သေဆုံးမှုကို ရွှေတောင်ရဲစခန်းမှ သေမှုသေခင်း ၃/၂၀၀၈ဖြင့် ရေးဖွင့်ထားသည်။ **(၀၈၆)**

[illegible]

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Rubber Shell Liner for CPB Rod Mill & Ball Mill	6 Items
2.	Rubber Spring(3)Layer MC-200S (For DC-203,204,205)	120 Nos

တင်ဒါပိတ်ရက်နှင့်အချိန် ၃၀-၅-၂၀၀၈ရက် ၁၆နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များနှင့် ဈေးနှုန်းခေါ်လွှာများကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၇-၄၀၉၃၈၁၊ ၀၆၇-၄၀၉၃၈၃နှင့် ၀၁-၅၁၂၈၉၆တို့သို့ ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရောင်းချရေးဌာနခွဲ၊
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊
နေပြည်တော်။

အမည်ပြောင်း

အဖ ဦးတင်သန်း၏သမီး မြိတ်မြို့ အထက(၁) သတ္တမတန်းအောင် မသွန်းသန္တာစိုးအား မခိုင်သဇင်မော်ဟု အိမ်ထောင်စုစာရင်းအရ ပြောင်းလဲခေါ်ပါရန်။ **မခိုင်သဇင်မော်။**

အမည်ပြောင်း

မြိတ်မြို့ ကန်ဖျားနယ်မြေ ခယူတောအလယ်ပိုင်းဗိုလ်ဗထူးလမ်းသွယ်(၆)နေ ဦးမေရာဆွာမိ-ဒေါ်ချစ်တားလီးတို့၏သား မောင်အာဘူးအား ယနေ့မှစ၍ မောင်အောင်ကျော်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကျော်ဦး။**

မိဘအမည်မှန်

ညောင်ရွှေမြို့ အလက(၂) အထကခွဲ နဝမတန်း(A)မှ မောင်ပြည့်ဖြိုးအောင်၏ မိဘအမည်မှန်မှာ ဦးသန်းဌွေး-ဒေါ်ကြည်ဝင်းဖြစ်ပါကြောင်း။ **ဦးသန်းဌွေး-ဒေါ်ကြည်ဝင်း။**

အမည်ပြောင်း

အဖဦးမျိုးထွဋ်၏သား အလက(၃)တမူး ဒုတိယတန်း(က)အောင်မှ မောင်အောင်ကျော်ဇင်ဟိန်းအား ယနေ့မှစ၍ မောင်ရာဇာဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရာဇာဦး။**

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၇၆၂၇ Toyota corora ET176 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းနွဲ့ မှတ်ပုံတင်အမှတ် ၇/ကတခ(နိုင်)၀၄၁၇၁၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်းရုံး)
ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကညွတ်ကွင်း အနောက်မုန်တိုင်(၁)ရပ်ကွက်နေ ဦးတင်ကြည် ၇/ဖမန(နိုင်)၀၈၁၀၄၄၏သား မောင်ငြိမ်းအေး(ခ) အာကာမင်း ၇/ဖမန(နိုင်)၀၂၀၅၄၆သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စ လုံးဝတာဝန်မယူပါ။ **ဖခင် ဦးတင်ကြည်၊ ၇/ဖမန(နိုင်) ၀၈၁၀၄၄။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရဲကျော်လင်း CDC No.48835 ကိုင်ဆောင်သူ၏ Allotment Orderမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ **ဖုန်း-၅၄၇၄၂၁။**

ရောင်းမည်

(၆)ကောင် ဒီဇယ်အင်ဂျင်နှင့် တွဲထားသော အဝီစိတွင်း ရေတင်စက် ရောင်းမည်။ **ဖုန်း-၀၉-၅၁၆-၄၁၄၄။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၃၈၆၀ Hi-Bird ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၉/ခမစ(နိုင်)၀၀၃၁၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)မန္တလေးမြို့။**

EPS-KLT ကိုရီးယားမေးခွန်းစာမေးပွဲ

ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် သွားရောက်ရန် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်လိုသူများအတွက် နမူနာမေးခွန်း ၂၀၀၀နှင့်အတူ သင်ကြားပို့ချပါမည်။

၁၉ရက်နေ့ သင်တန်းစဖွင့်မည်။

သင်တန်းချိန်- တနင်္လာမှစနေနေ့အထိ နံနက် ၉ နာရီမှ ၁၁ နာရီအထိ
မွန်းလွဲ ၂ နာရီမှ ညနေ၄ နာရီအထိ

စုံစမ်းရန်- အောင် လုပ်ငန်းခွင်သုံး ကိုရီးယားစကားပြောသင်တန်း
ဆံတော်တွင်းလမ်း နန်းတော်ရာရပ်
ပဲခူးမြို့။
ဖုန်း-၀၅၂-၂၄၁၅၂၊၂၃၄၃၂
၉၅-၀၂-၀၄၂၆။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၁၅၃၄ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလွင် မှတ်ပုံတင်အမှတ် ၉/မသန(နိုင်)၀၇၈၁၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (ကျောက်ဆည်)။**

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၅၃၅၅၀ ဂျာလင်း၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ငွေ မှတ်ပုံတင်အမှတ် ၉/ကဆန(နိုင်)၀၀၆၇၉၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကျောက်ဆည်)။

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့် ပြည်သူများအတွက် မွန်ပြည်နယ်မှ စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း လိုက်ပါ၍ မေ ၁၅ရက် နံနက် ၈နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသော မွန်ပြည်နယ်မှ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

လှူဒါန်း

အလှူငွေပေးအပ်ပွဲတွင် မော်လမြိုင်မြို့ ဈေးအဖွဲ့နှင့် စားသောက်ဆိုင်များက ငွေကျပ်သိန်း ၁၃၀၊ မော်တော်ယာဉ်လိုင်းများ၊ ဘဏ်လုပ်ငန်းများနှင့် ဆေးကုမ္ပဏီများက ငွေကျပ် ၁၀၅သိန်း၊ လမ်းတံတားအဖွဲ့နှင့် စက်သုံးဆီအရောင်းဆိုင်များက ငွေကျပ်သိန်း ၁၀၀၊ ဆန်ကုန်သည်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ငါးလုပ်ငန်းရှင်များ၊ နာရေးကူညီမှုအသင်းများက ငွေကျပ် ၉၅ သိန်း၊ ဆည်တမံအဖွဲ့များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက ငွေကျပ်သိန်း၇၀ တို့ကို လည်းကောင်း၊ မော်လမြိုင်မြို့နယ်က ငွေကျပ် ၃၂ သိန်း၊ ချောင်းဆုံမြို့နယ်က ငွေကျပ်ရှစ်သိန်း၊ ကျိုက်မရောမြို့နယ်က ငွေကျပ်လေးသိန်း၊ မုဒုံမြို့နယ်က ငွေကျပ် ၂၆သိန်း၊ သံဖြူဇရပ်မြို့နယ်က ငွေကျပ် ၁၁၁သိန်း၊ ရေးမြို့နယ်က ငွေကျပ်ကိုးသိန်း၊ မွန်ပြည်နယ်သစ်တောဦးစီးဌာနက ငွေကျပ်သိန်း ၅၀၊ ဦးသန်းရှိန်နှင့် ဒေါ်စန်းစန်းဝင်း မြတ်သူရကုမ္ပဏီက ငွေကျပ်သိန်း ၂၀တို့ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၇၆၀နှင့် ပစ္စည်းတန်ဖိုးမှာ ၈၅၅၆၀၀၀၀ ဖြစ်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်း လေဘေးသင့် ပြည်သူများအတွက် ပေးပို့လှူဒါန်းမည့် ပစ္စည်းများကို စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ကုန်တင်ယာဉ်ကြီးများပေါ် သယ်ယူတင်ဆောင်ပေးမှုတို့ကို ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၄ ကော်လံ ၆ ❐

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင်အသုံးပြုရန် PTT Public Company Limited မှ ဒီဇယ်ဆီ ၄၈၀၀၀၀လီတာလှူဒါန်း

ရန်ကုန် မေ ၁၆

၂၀၀၈ခုနှစ် မေ ၃ရက်တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTT Public Company Limited မှ MT-Pentrader သင်္ဘောဖြင့် တင်ဆောင်လာသော ဒီဇယ်ဆီ ၄၈၀၀၀၀လီတာ လှူဒါန်းပွဲအခမ်းအနားကို မေ ၁၆ရက် ညနေ ၅နာရီတွင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဒီဇယ်ဆီများကို ကုမ္ပဏီကိုယ်စား ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Bansarn Bunnag က ပေးအပ်လှူဒါန်းရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လက်ခံသည်။

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကိုယ်ချင်းစာနာမိပါကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ယခုကဲ့သို့ ဒီဇယ်ဆီများ လှူဒါန်းရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ယခုကဲ့သို့လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

လေဘေးသင့် ပြည်သူများအတွက် လှူဒါန်းသော ငွေနှင့် ပစ္စည်းများ လေဘေးသင့်ခံရသူများ လက်ဝယ်အရောက် ချက်ချင်း ဆက်လက်ဖြန့်ဝေပေးအပ်လျက်ရှိ

နေပြည်တော် မေ ၁၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ၁၅ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံဒေသအချို့တွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့ရာ ပြည်တွင်းပြည်ပ စေတနာရှင်များက ကယ်ဆယ်စောင့်ရှောက်ရေးပစ္စည်းများကို အင်တိုက်အားတိုက် ပေးပို့လှူဒါန်းလျက်ရှိသဖြင့် ကျေးဇူးတင်စွာ လက်ခံရယူလျက်ရှိပါသည်။

၂။ ပြည်တွင်းပြည်ပ စေတနာရှင်များက လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ငွေ၊ ပစ္စည်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သည့် နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က စာရင်းဇယားများဖြင့် စနစ်တကျ လက်ခံလျက်ရှိပါသည်။ ထိုသို့လက်ခံပြီးနောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်သည့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီက သက်ဆိုင်ရာ လေဘေးသင့်ခံရသူများ လက်ဝယ်သို့အရောက် ချက်ချင်း ဆက်လက်ဖြန့်ဝေပေးအပ်လျက်ရှိပါသည်။

၃။ လေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီဖြင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များသည် နီးစပ်ရာ မြန်မာသံရုံးများ၊ စစ်သံရုံးများ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်များရှိ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အခြားအကျိုးဆောင်ပုဂ္ဂိုလ်နှင့် တရားဝင်အဖွဲ့အစည်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၄။ မည်သူမဆို လေဘေးသင့်ခံရသူများအတွက် ပြည်တွင်းပြည်ပမှ လှူဒါန်းသောငွေ၊ ပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက သတင်းပို့ခြင်း၊ တိုင်ကြားခြင်းပြုနိုင်ပါသည်။ သတင်းရရှိပါက စုံစမ်းဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်စွာ အရေးယူသွားရန် ကြိုတင်စီမံထားရှိပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရက်စွဲ၊ ၁၅-၅-၂၀၀၈။

နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီထံ မုန်တိုင်းဒဏ်ကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTT Public Company Limited မှ MT-Pentrader သင်္ဘောဖြင့် တင်ဆောင်လာသည့် ဒီဇယ်ဆီ ၄၈၀၀၀၀လီတာကို ကုမ္ပဏီကိုယ်စား ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Bansarn Bunnag က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန -

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊
	ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့
	တိုင်ကြားနိုင်ပါသည်။